# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 13 September 2026 ၁၂၃၀၀






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်တွင် ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်နှင့် ဘေရွန်ဘုရားကျောင်းတော်များသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၁၂

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဆီရမ်ရိမြို့ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်တို့အား သွားရောက်ကြည့်ရှုလေ့လာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်း–အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် တောင်ပိုင်း–အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် တောင်ပိုင်း– အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**ယနေ့ ဖတ်စရာ**

**မဟာဗျူဟာမြောက် ခြေလှမ်းများထဲမှ မြန်မာ - ကမ္ဘောဒီးယား ခရီးစဉ်**

ဆောင်းပါး စာမျက်နှာ » ၈

**ယာယီပိတ်သိမ်းမည့် Teng Hui (Myanmar) Knitting Co.,Ltd (သိုးမွေးစက်ရုံ) အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေရေးနှင့် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် လုပ်သားလိုအပ်သည့် အခြားစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေး**

စာမျက်နှာ » ၁၂

## ဖလမ်းမြို့၌ ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ရရှိ

**ဖလမ်း စက်တင်ဘာ ၁၂**

ချင်းပြည်နယ် ဖလမ်းမြို့တွင် ယနေ့မှစ၍ ဆက်သွယ်ရေးကွန်ရက်(MPT) လိုင်းများ ပြန်လည်ရရှိပြီး ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ သိရသည်။

ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့တွင် ဆက်သွယ်ရေး(MPT)လိုင်းများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့သို့ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် အဆင့်ဆင့် သယ်ယူပို့ဆောင်ခဲ့ပြီး ယခုအခါ ဖလမ်းမြို့တွင် စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ဆက်သွယ်ရေး ကွန်ရက်(MPT) လိုင်းများ ပြန်လည်ရရှိသွားပြီ ဖြစ်ကာ

စာမျက်နှာ ၃ ကော်လံ ၄ သို့ ○



## ပဲခူးမြို့ အထက(၆)၌ လူငယ်စကားဝိုင်း ပြုလုပ်

**ပဲခူး စက်တင်ဘာ ၁၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝင်းက အမှာစကား ပြောကြားပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ကြေးမုံ

# နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့်အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က စက်တင်ဘာလ ၁၁ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦးအနေဖြင့် ယခင်ကတည်းက တွေ့ဆုံမှုများရှိခဲ့ပြီး ယခု ကမ္ဘောဒီးယားနိုင်ငံတွင် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံအပေါ် ညီရင်းအစ်ကိုပမာစိတ်ဖြင့် အစဉ်တစိုက်အားပေးထောက်ခံလျက်ရှိသည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ခဲ့ပြီး လက်ရှိမြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အထူးအလေးထားစိတ်ဝင်စားမှုများရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံအား ပြန်လည်လေးစားမှုဖြင့် ကျေးဇူးတင်ရှိရမည်ဖြစ်သည်။

ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးသည် ရှည်လျားကောင်းမွန်လျက်ရှိသည်။ နှစ်နိုင်ငံနယ်နိမိတ်များ ထိစပ်နေသည့်နိုင်ငံမဟုတ်သော်လည်း ဘာသာရေး၊ ဓလေ့ထုံးတမ်းနှင့်ယဉ်ကျေးမှုအစဉ်အလာများ တူညီဆက်နွှယ်မှုရှိသည့် နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးထက် ပိုမိုကောင်းမွန်လျက်ရှိပြီး မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ရပ်တည်ထောက်ခံလျက်ရှိသည်။ အစိုးရအဖွဲ့အစည်းများကြားတွင်သာမက တပ်မတော်နှစ်ရပ်အကြားနှင့် နှစ်နိုင်ငံပြည်သူများအကြားတွင်လည်း ချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည်။ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် (JCBC) ကဲ့သို့ ယန္တရားများကို စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်တွင် အလားအလာကောင်းများရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက ကြီးမားသည့်အောင်မြင်မှုများ ရရှိလာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး အပြန်အလှန်ခရီးစဉ်များ သွားရောက်နိုင်ရေးအခြေအနေများ၊ မြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် မဲခေါင်-လန်ချန်း၊ CLMV နှင့် ACMECS တို့ကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုယန္တရားများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ACMECS အစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုကာလအတွင်း၌ "လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ACMECS ဒေသတည်ဆောက်စို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း၌ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်ရေးကို ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာ ယခုနိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊
(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊
(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပဲခူးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

ပဲခူး စက်တင်ဘာ ၁၂

ပဲခူးမြို့နယ်ဥပဒေရုံးမှ ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့သစ်ရပ်ကွက် သုခကုန်းဓမ္မာရုံ၌ ကျင်းပရာ မြို့သစ်ရပ်ကွက်မှ ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းဆင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က သင်တန်းသား သင်တန်းသူ ၅၀ အား ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေနှင့် ပြည်သူ့စစ်မှုထမ်း ဥပဒေတို့ကို ဆွေးနွေးပို့ချပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိ ဦးထူးထူးထွန်းက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်**

## သာစည်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သာစည် စက်တင်ဘာ ၁၂

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဂါတ်တန်းဘုန်းတော်ကြီးကျောင်းတိုက်၌ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးကို သာစည်မြို့နယ်ရဲတပ်ဖွဲ့က ယနေ့နံနက် ၈ နာရီတွင် ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးကို သာစည်မြို့နယ် ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းချိုချို၊ အရာရှိအရာခံများနှင့် တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျောင်းအဝင်လမ်းတစ်လျှောက် အမှိုက်များလှည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် စက်တင်ဘာ ၁၂

**ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက် အရ**

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၉ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ၆ လက်မခန့် ကျော်လွန်ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ မအူပင်မြို့နယ်နှင့် ဘားအံမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၁၂ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ်** ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

* ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်း သမိုင်းဝင် အန်ကောဝပ်ဘုရား ကျောင်းတော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်း သမိုင်းဝင် အန်ကောဝပ်ဘုရား ကျောင်းတော်အတွင်း ကျောက်တုံး ကြီးများဖြင့် တည်ဆောက်ထား ရှိမှု၊ ကျောက်ဆစ်ရုပ်တုများ၊ နံရံ များပေါ်တွင် ထွင်းထုထားသည့် ရှေးခမာလူမျိုးတို့၏ နေ့စဉ်လူမှု ဘဝ၊ ဈေးဝယ်ခြင်း၊ အခမ်းအနား များ၊ စစ်ပွဲများနှင့် လူမှုဘဝအခြေ အနေကို အသေးစိတ်ပုံဖော်ထား သည့် ကျောက်ပန်းပုလက်ရာများ၊ ခမာလူမျိုးတို့ ကိုးကွယ်ခဲ့ သည့် ဘုရားဆင်းတုတော်များကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှု လေ့လာကြပြီး အန်ကော ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ တာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည် များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် အန်ကောဝပ် ဘုရားကျောင်းတော်ကြီး ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။ ဆက်လက်၍ နိုင်ငံတော် သမ္မတက အန်ကောရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ တာဝန်ခံ အား အမှတ်တရလက်ဆောင် နှင့် တာဝန်ရှိသူတစ်ဦးအား အန်ကော ယဉ်ကျေးမှုနယ်မြေရှိ ဘုန်းတော်ကြီး ကျောင်းတွင် ကိုးကွယ်ရန်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် တည်ဆောက်ခဲ့မှု မှတ်တမ်း စာအုပ်ကို ပေးအပ်လှူဒါန်း သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အန်ကော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကျုံးကြီးပတ်လမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာ ကြည့်ရှုလေ့လာခဲ့ကြပြီး ရှေးဟောင်းသမိုင်းဝင် ဘေရွန် ဘုရားကျောင်းတော်သို့ ရောက်ရှိ ကြရာ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် ဘေရွန် ဘုရားကျောင်းတော် အတွင်း လှည့်လည်၍ ရှေးဟောင်းလက်ရာ များ၊ ကျောင်းနံရံများပေါ်ရှိ ခမာ အင်ပါယာခေတ် စစ်ရေး၊ ယဉ်ကျေးမှုနှင့် နေ့စဉ်လူမှုဘဝ များကို ပုံဖော်ထုဆစ်ထားသည့် ကျောက်ပန်းပုများကို လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိ သူများက ရှင်းလင်းတင်ပြကြ သည်။



ကမ္ဘောဒီးယားနိုင်ငံ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော် နှင့် ဘေရွန်ဘုရားကျောင်းတော် တို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ အနောက်မြောက်ပိုင်း ဆီရမ်ရိ ပြည်နယ် အန်ကောရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် တည်ရှိ ပြီး အဆိုပါအန်ကောရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာ့ အကြီးဆုံး သမိုင်းဝင်နယ်မြေ တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာကျော် အန်ကောဝပ်၊ ကျောက်မျက်နှာ တော်များဖြင့် လေးမျက်နှာ ဘုရား (ဘေရွန်ကျောင်းတော်)နှင့် သစ်မြစ်များ တွယ်ကပ်နေသည့် တာပရွန်ကျောင်းတော်တို့သည် အလွန်ထင်ရှားပြီး သမိုင်းဝင် UNESCO စာရင်းဝင်နေရာများ ဖြစ်ကြောင်း။

အန်ကောဝပ် ဘုရားကျောင်း တော်အား ၁၂ ရာစုအစောပိုင်းတွင် ဒုတိယမြောက် သူရိယဝရမန်မင်း (Suryavarman II) က ဟိန္ဒူ ဘာသာရှိ ဗိဿနိုးနတ်ဘုရား (Vishnu)အား ပူဇော်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ ကျောင်းတော်အဖြစ်သို့ ပြောင်းလဲ ခဲ့ပြီး စထရိန်ထရဝါမန်မင်း (Srindravarman – ၁၂၉၅ မှ ၁၃၀၇ အထိ စိုးစံခဲ့သူ) လက်ထက် တွင် ခမာအင်ပါယာ၏ နိုင်ငံတော် ဘာသာအဖြစ် ထေရဝါဒ ဗုဒ္ဓဘာသာကို စတင်ပြောင်းလဲ သတ်မှတ်ခဲ့ရာတွင် အန်ကောဝပ် ကျောင်းတော်ကြီးသည် ဟိန္ဒူ ဘုရားကျောင်းအဖြစ်မှ ဗုဒ္ဓ ဘာသာ ကျောင်းတော်အဖြစ် ပြောင်းလဲသွားခဲ့ခြင်းဖြစ်ပြီး ယခု အခါ ကမ္ဘာ့အကြီးဆုံးဘာသာရေး အဆောက်အအုံအဖြစ် စံချိန်ဝင် ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတော် အလံပေါ်တွင်ပင် အမှတ်အသားအဖြစ် ပါရှိကြောင်း၊ ဘေရွန်ကျောင်းတော်သည်လည်း ၁၂ ရာစုအကုန် ၁၃ ရာစုအစော ပိုင်းတွင် ခုနစ်ယောက်မြောက် ဇယဝရမန်မင်း (Jayavarman VII) က မဟာယာန ဗုဒ္ဓဘာသာ ဆိုင်ရာ ကျောင်းတော်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘေရွန်ကျောင်းတော်၏ အထင် ကရ အဓိကသင်္ကေတမှာ ကျောက်မျှော်စင်များ ပေါ်တွင် ထုဆစ်ထားသည့် ကြီးမားသော မျက်နှာတော်များ ဖြစ်ကြောင်း၊ မျှော်စင်ပေါင်း ၅၄ ခုတွင် အရပ် လေးမျက်နှာသို့ မူထားသည့် မျက်နှာတော် ၂၀၀ ကျော်ရှိခဲ့ပြီး ယခုအခါ မျှော်စင် ၃၇ ခုခန့် ကျန်ရှိ နေသေးကြောင်း၊ ကျောင်းတော်၏ အတွင်းအပြင်နံရံများတွင် အလွန် အသေးစိတ်ပြီး လှပသော ခမာ ပြည်သူတို့၏ ရှေးခေတ်နေ့စဉ် လူမှုဘဝ၊ ကုန်သွယ်မှုနှင့် စစ်ပွဲ သမိုင်းများကို ကျောက်ဆစ် ရုပ်ကြွများဖြင့် အသေးစိတ် ပုံဖော်ထားရှိသောကြောင့် သမိုင်း တန်ဖိုး အလွန်ကြီးမားသည့် ရှေးဟောင်းဘုရားကျောင်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✤ **ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရား ကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော် တို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ အနောက် မြောက်ပိုင်း ဆီရမ်ရိပြည်နယ် အန်ကော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ရှိ ပြီး အဆိုပါ အန်ကောရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် ကမ္ဘာ့အကြီးဆုံးသမိုင်းဝင် နယ်မြေတစ်ခုဖြစ်**

✤ **ကမ္ဘာကျော် အန်ကောဝပ်၊ ကျောက်မျက်နှာ တော်များဖြင့် လေးမျက်နှာဘုရား (ဘေရွန် ကျောင်းတော်)နှင့် သစ်မြစ်များတွယ်ကပ် နေသည့် တာပရွန်ကျောင်းတော်တို့သည် အလွန်ထင်ရှားပြီး သမိုင်းဝင်** UNESCO **စာရင်းဝင်နေရာများဖြစ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အန်ကောရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် ဘေရွန်ဘုရားကျောင်းတော်တွင် ကြည့်ရှုလေ့လာစဉ်။

---

❂ **ပဲခူးမှ**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက လူငယ် စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် လူငယ်စကားဝိုင်းပြုလုပ်ရာ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်ရည်မှန်းချက်ပန်းတိုင်၊ လူငယ် နှင့်ခေတ်၊ လူငယ်နှင့်ပတ်ဝန်းကျင်၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်မူးယစ်ဆေး စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင် ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့် တိုက်အတွက် သုတ/ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❍ **ဖလမ်းမြို့မှ**

ဖလမ်းမြို့ဒေသခံပြည်သူများ အဆင်ပြေစွာ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် ချင်းပြည်နယ်အတွင်း ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ရရှိရေးကို အထူးအလေးထား၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ဖလမ်းမြို့နှင့် တီးတိန်မြို့တို့တွင် ဆက်သွယ်ရေး ကွန်ရက်(MPT)လိုင်းများ ပြန်လည်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့သွားရောက်၍ ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများနှင့် တာဝန်ရှိသူများက သာသနာ့အလံတော်နှင့် နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်းမန်များကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးထံမှ ဩဝါဒများ နာယူကြည်ညိုသည်။ ဆက်လက်၍ ဆရာတော်ကြီးက မြန်မာ-ကမ္ဘောဒီးယားချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပုန်စပူးပြည်နယ် ဥဒေါင်းဒေသ အမ်ပါယ်ရောင် ကျေးရွာတွင် အေးငြိမ်းချမ်းသာ မြန်မာဘုန်းတော်ကြီးကျောင်း (International Peace Cambodia–Myanmar Dormitory) တည်ဆောက်လျက်ရှိမှု အခြေအနေကို ရှင်းလင်းမိန့်ကြားရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို မေးမြန်းလျှောက်ထားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY အား မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှုမှတ်တမ်းစာအုပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးထံ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှုမှတ်တမ်းစာအုပ်အားလည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် စုပေါင်းလှူဒါန်းငွေများအားလည်းကောင်း ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်သမ္မတထံ မြန်မာ-ကမ္ဘောဒီးယား ချစ်ကြည်ရေး အထိမ်းအမှတ်လက်ဆောင်အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးနှင့်အတူ မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးနှင့်အတူ ဗုဒ္ဓတက္ကသိုလ်ကျောင်းပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုကြပြီး ဗုဒ္ဓတက္ကသိုလ်မှ ပြန်လည်ထွက်ခွာရာ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများနှင့် တာဝန်ရှိသူများက သာသနာ့အလံတော်နှင့် နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဖလမ်းမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဖလမ်း စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ ဘောလုံးကွင်းနှင့်မိုးလုံလေလုံအားကစားရုံတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့် အတူ သွားရောက်ကြည့်ရှု အားပေးသည်။

မွန်းလွဲပိုင်းတွင် ဖလမ်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး အဆောက်အအုံပြုပြင်ပြီးစီးမှုနှင့် မြေထိန်းနံရံတည်ဆောက်နေမှု၊ ခရိုင်စာရင်းစစ်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြေထိန်းနံရံတည်ဆောက်နေမှု၊ စိုက်ပျိုးရေးဦးစီးဌာနရုံး အဆောက်အအုံနှင့် ရိပ်သာပြန်လည်ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



အလားတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ နယ်မြေခံတပ်ရင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများစုပေါင်း၍ လွယ်ဘွားရပ်ကွက် အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ လွယ်ဘွား ရပ်ကွက် ကမ်းဟောက်လမ်းမကြီး ဘေးနှင့် စည်ပင်သာယာဈေး အဟောင်းတို့တွင် စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံသို့နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးမင်းနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ၎င်းနောက် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားရာ ဦးစွာကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသား အရာရှိများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ရှည်လျားကောင်းမွန်ပြီး ယခင်ကတည်းက ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများရှိကြောင်း၊ အလားတူ နှစ်နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကိုးကွယ်မှုအစဉ်အလာနှင့် သက်ဝင်ယုံကြည်မှုများတွင်လည်း များစွာတူညီမှုများရှိကြောင်း၊ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်များ အနေဖြင့်လည်း အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများကို တည်ဆောက်ခဲ့ကြကြောင်း၊ အဆိုပါကောင်းမွန်သည့် သမိုင်းအစဉ်အလာ ကောင်းများကို ဆက်လက် ထိန်းသိမ်းနိုင်ရန် မိမိအနေဖြင့်ယခုကဲ့သို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံသည် မွန်ခမာမျိုးနွယ်များဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှုများတွင် တူညီမှုရှိကြောင်း၊ စာပေတွင်လည်း မွန်စာပေနှင့် ကမ္ဘောဒီးယားစာပေများ အနည်းငယ်တူညီမှုရှိသည်ကို လေ့လာသိရှိရကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုဓလေ့ထုံးစံများ တူညီသည့်အတွက် အိမ်နီးချင်းနိုင်ငံများ မဟုတ်ကြသော်လည်း ချစ်ကြည်ရင်းနှီးသော၊ ကောင်းမွန်သော ဆက်ဆံရေးရှိသည့် နိုင်ငံများဖြစ်ကြကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိက ဆောင်ရွက်လျက် ရှိသကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံတွင် လည်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိသည်ကိုလေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်လာစေရေး စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာ ကျောင်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်လာမှသာ နိုင်ငံအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပပို့ကုန်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ၏ GDP များတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့်လည်း အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွက် လိုအပ်သည့် ပြည်ပဝင်ငွေများကို ရှာဖွေရာတွင် နိုင်ငံအတွက် အကျိုးပြုမည့် လုပ်ငန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုးများ ထိခိုက်ပျက်စီးနိုင်သည့် နည်းလမ်းများကို အသုံးမပြုရန်လိုကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများသည် အချို့မှာ ခြိမ်းခြောက်အကျပ်ကိုင်မှု များကြောင့် လုပ်ကိုင်နေရခြင်းဖြစ်သော်လည်း အချို့သောသူများမှာ ၎င်းတို့၏ စိတ်ဆန္ဒဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ ပြုလုပ်ပြီး ဖမ်းဆီးရမိခဲ့သော ပြည်ပနိုင်ငံသားများအား ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့သကဲ့သို့ မိမိတို့နိုင်ငံသားများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် သံတမန်များနှင့် ပညာတော်သင် သင်တန်းသားများအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအမှန်များနှင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေမှန်များကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိနေရန်လိုကြောင်း၊ အလားတူ မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်နေသည့်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာများနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ မိမိတို့နိုင်ငံနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို

စာမျက်နှာ ၆ သို့ *



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး အဆောက်အအုံသစ်တည်ဆောက်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဆီရမ်ရိမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးက ဂါရဝပြုတွေ့ဆုံစဉ်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယား အစိုးရအဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း၊ ကျောင်းသား ကျောင်းသူ လူငယ် မောင်မယ်လေးများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံအလံငယ်များ ကိုင်ဆောင်ဝှေ့ယမ်း၍ လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဆီရမ်ရိမြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan၊ တော်ဝင်ဘုရင့်နန်းတော်ရေးရာဝန်ကြီးဌာန မှ ကိုယ်စားလှယ်နှင့် အထက်လွှတ်တော်မှ ကိုယ်စားလှယ်တို့က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးက ခေတ္တတည်းခိုရာ ဟိုတယ်၌ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဆီရမ်ရိပြည်နယ် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ယူနက်စကို စာရင်းဝင်ဒေသဖြစ်ပြီး မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကဲ့သို့ တန်ဖိုးကြီးမားသည့် ရှေးဟောင်းအမွေအနှစ်များစွာရှိမှု အခြေအနေ၊ ဆီရမ်ရိဒေသနှင့် မြန်မာနိုင်ငံရှိ ပုဂံဒေသတို့အကြား ခရီးသွားကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဆီရမ်ရိဒေသ ခရီးသွားနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် လာရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအား ကမ္ဘောဒီးယားနိုင်ငံမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ စောင့်ရှောက် အကာအကွယ်ပေးစေလိုမှုအခြေအနေနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဆီရမ်ရိပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၅ မှ

စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရေး တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ဘာသာစကားနှင့်ပတ်သက်၍ မိမိတို့ ပြည်ပတွင်ရောက်ရှိ ပညာသင်ကြားနေချိန်နှင့် တာဝန်ထမ်းဆောင်နေချိန်များ တွင် အားလပ်ချိန်များ၌ ရောက်ရှိနေသည့်နိုင်ငံ၏ဘာသာစာပေများကို အမြဲမပြတ် လေ့လာဆည်းပူးနေကြရန်လိုကြောင်း၊ ထိုသို့ ဘာသာစာပေများ လေ့လာတတ်မြောက်ထားခြင်း သည် တစ်ချိန်ချိန်တွင် မိမိတို့အတွက် မလွဲမသွေ အကျိုးရှိလာနိုင်မည် ဖြစ်ကြောင်း၊ ဘာသာစကားတတ်ကျွမ်းမှုမှတစ်ဆင့် မိမိတို့ ဆက်ဆံဆောင်ရွက်ရသည့် နိုင်ငံများနှင့် ရင်းနှီးမှုများရရှိလာမည် ဖြစ်ပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု တိုးတက်စေမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကိုလည်း ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးကြရန်လိုကြောင်း၊ အလားတူ မိမိတို့ အချင်းချင်း ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံး နေထိုင်ကြရန်လည်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး အဆောက်အအုံသစ် တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံအမတ်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး

**မြစ်ကြီးနား စက်တင်ဘာ ၁၂**

ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ ပြည်နယ်/ခရိုင်/မြို့နယ် အခွန်ဦးစီးဌာနမှူးများနှင့် အရာထမ်း/အမှုထမ်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပသည်။



အဆိုပါ အသိပညာပေးပွဲကို အခွန်ဦးစီးဌာနသည် အဂတိလိုက်စားမှုကင်းရှင်းသော အခွန်ဌာနတစ်ရပ်ဖြစ်ပေါ်ခြင်းဖြင့် ဌာန၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ရုံသာမက အခွန်ထမ်းပြည်သူများ၏ ယုံကြည်မှုကို တိုးတက်စေကာ နိုင်ငံတော်၏ အခွန်စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်လာစေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အသိပညာပေးပွဲတွင် ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးက အခွန်ဝန်ထမ်းများ အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်တို့အား လေးစားလိုက်နာပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ထုတ်ပြန်ကြေညာချက်များ၊ အဂတိနှင့်စပ်လျဉ်းသည့် ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ပတ်သက်၍ ကချင်ပြည်နယ် ဥပဒေရုံး လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းလင်းဆွေးနွေးဟောပြောပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့တွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ရက်သတ္တပတ်အထိမ်းအမှတ်အနေဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၂ ရက်တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက မြို့မရပ်ကွက် ရှမ်းစုရပ်ရှိ ချမ်းသာကြီးဘုရားဝင်းအတွင်း၌ ဆောင်ရွက်စဉ်။ စိုင်းလှမြင့်သိန်း

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ဆီရမ်ရိပ်မြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဆီရမ်ရိပ်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံး မိသားစုဝင်များက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

**❂ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စရပ်များ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆီရမ်ရိပ်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan နှင့် တာဝန်ရှိသူများက ဆီရမ်ရိပ်မြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံအလံငယ်များ ကိုင်ဆောင်ဝှေ့ယမ်း၍ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ကမ္ဘောဒီးယား အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံ အလံငယ်များ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ခေတ္တ နိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စရပ်များ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံရှိသမိုင်းဝင် အထင်ကရနှင့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဟာဗျူဟာမြောက်ခြေလှမ်းများထဲမှ မြန်မာ–ကမ္ဘောဒီးယားခရီးစဉ်

တံခွန်အောင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့် သမ္မတတာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ (State Visit)၊ (Official Visit) ပြည်ပခရီးစဉ်များကို အဆက်မပြတ်သွားရောက်လျက်ရှိသည်။ သွားရောက်ခဲ့သည့် နိုင်ငံများကိုကြည့်လျှင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကို ကနဦးတွေ့ရမည်။ ဤခြေလှမ်းသည် အာရှသို့ခြေလှမ်းများဖြစ်သည်။ ထပ်မံ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို တွေ့မြင်ရမည်။ ဤခြေလှမ်းများသည် အာရှတိုက်နှင့် ဥရောပအစပ်သို့ လှမ်းခဲ့သော ခြေလှမ်းများဖြစ်သည်။ နောက်တစ်နိုင်ငံသည် ဘယ်လာရုစ်နိုင်ငံဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် အရှေ့ဥရောပတွင်တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်၏။ ဤခြေလှမ်းကိုလည်း ဥရောပသို့ ခြေတစ်လှမ်းအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ထပ်မံတွေ့ရသည်မှာ လာအို၊ ထိုင်း၊ ဗီယက်နမ်ဆိုသည့် နိုင်ငံများဖြစ်သည်။ ဤခြေလှမ်းများသည် အာဆီယံဒေသတွင်းသို့ လှမ်းခဲ့သော ခြေလှမ်းများဖြစ်သည်။ ယခုလည်း ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြန်ပါသည်။ ဤသည်လည်း အာဆီယံဒေသတွင်းသို့ ခြေတစ်လှမ်းပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ် ခြေလှမ်းများကား မိမိနိုင်ငံအတွက်သာမက ဒေသတွင်းတစ်ခုချင်းစီအတွက် မဟာဗျူဟာမြောက် ခြေလှမ်းများဖြစ်ကြောင်း တစ်စတစ်စ ပီပြင်လာသည်ကို တွေ့ရသည်။ ခြေလှမ်းများဖြင့် ခရီးဆက်၍ ချစ်ကြည်ရင်းနှီးမှုများဖြင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ခိုင်မာသည်ထက်ခိုင်မာအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။ ခရီးစဉ်တိုင်းတွင် စိတ်ဝင်စားမှုများ များစွာတွေ့ရသည်။ သိထားသမျှ မျှဝေပေးပါမည်။ ကနဦးအတွက် မြန်မာ–ကမ္ဘောဒီးယားခရီးစဉ်ကို လေ့လာကြည့်ကြမည်။

**မြန်မာမှသည် ကမ္ဘောဒီးယားနိုင်ငံဆီသို့**

၂၀၂၆ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတင်ခဲ့သော ခရီးစဉ်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် စတင်ထွက်ခွာခဲ့၏။ နံနက် ၁၀နာရီ ၄၀ မိနစ်ခန့်၌ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့၏။ မြန်မာနိုင်ငံမှ စတင်ထွက်ခွာစဉ်နှင့် ကမ္ဘောဒီးယားသို့ရောက်ရှိချိန်တွင် သွားခဲ့သည့် ပြည်ပခရီးစဉ်များနည်းတူ နှစ်နိုင်ငံအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက် ဂုဏ်ပြုမှုများအတိုင်း ခမ်းခမ်းနားနားဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ပထမဆုံးတွေ့ဆုံမှုအဖြစ်ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ဂုဏ်ပြုကြိုဆို၍ တွေ့ဆုံဆွေးနွေးခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံတော်အကြီးအကဲ၏ နောက်ထပ်တွေ့ဆုံမှုတစ်ခုသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် တွေ့ဆုံမှုဖြစ်သည်။ ထပ်မံ၍ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mrs. Samdech KHUON Sundary နှင့် တွေ့ဆုံခဲ့၏။ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ်များကိုကြည့်လျှင် နိုင်ငံတစ်နိုင်ငံ၏ အဓိကမဏ္ဍိုင်ဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်များရှိ တွေ့ဆုံမှုများကို ခိုင်ခိုင်မာမာဆောင်ရွက်တည်ဆောက်လေ့ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ထိုမှဆက်နွှယ်၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို တက်လှမ်းသလို MoU များ ရေးထိုးလေ့ရှိသည်။ တွေ့ဆုံဆွေးနွေးမှုများ၏ ကဏ္ဍများနှင့်ပတ်သက်၍ မျှဝေပါဦးမည်။

နိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးမှုများထဲမှ ကဏ္ဍများကို ကြည့်လျှင် နှစ်နိုင်ငံချစ်ကြည်ရေးကို ခိုင်မာစွာတည်ဆောက်ထားနိုင်မှု၊ ဓလေ့ထုံးတမ်းနှင့်ယဉ်ကျေးမှု တူညီမှုမှသည် နှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်နေမှု၊ နိုင်ငံတကာမျက်နှာစာ၌ အပြန်အလှန်ရပ်တည်ထောက်ခံလျက်ရှိမှုများ၊ အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ အကြား ဆက်ဆံရေး ကောင်းမွန်နေမှုများ၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ ဒေသတွင်း အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ စိုက်ပျိုးမွေးမြူရေးမှစ၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ပပျောက်ရေး ဆောင်ရွက်နေမှုများ၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိနေမှုများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများအား မျှဝေဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာ–ကမ္ဘောဒီးယား လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မှု အခြေအနေများ စတဲ့ ကဏ္ဍစုံကို အသီးသီးတွေ့ဆုံဆွေးနွေးခဲ့၏။

စာမျက်နှာ ၉ သို့ ❖




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ စက်တင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးစဉ်။




စက်တင်ဘာ ၁၁ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားပြည်သူများက ကြိုဆိုကြစဉ်။

**❛ နိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးမှုများထဲမှ ကဏ္ဍများကို ကြည့်လျှင် နှစ်နိုင်ငံချစ်ကြည်ရေးကို ခိုင်မာစွာတည်ဆောက်ထားနိုင်မှု၊ ဓလေ့ထုံးတမ်းနှင့်ယဉ်ကျေးမှုတူညီမှုမှသည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်နေမှု၊ နိုင်ငံတကာမျက်နှာစာ၌ အပြန်အလှန်ရပ်တည်ထောက်ခံလျက်ရှိမှုများ၊ အစိုးရ၊ တပ်မတော်နှင့်ပြည်သူများအကြား ဆက်ဆံရေးကောင်းမွန်နေမှုများ၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ ဒေသတွင်းအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ စိုက်ပျိုးမွေးမြူရေးမှစ၍ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ပပျောက်ရေး ဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိနေမှုများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများအား မျှဝေဆောင်ရွက်သွားမည့် အခြေအနေများ စတဲ့ ကဏ္ဍစုံကို အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ ❜**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ စက်တင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

❖ စာမျက်နှာ ၈ မှ

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်နိုင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ်၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဤသည်ကား မိမိတို့နိုင်ငံတော်အတွက် အနာဂတ်ရလဒ်ကောင်းများအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ထပ်မံ၍ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနု ပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်နေရာတွင် လွှမ်းသူပန်းခွေချ အလေးပြုခြင်းကို ဆောင်ရွက်ခဲ့သည်။ ဤသည်မှာလည်း မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ခေါင်းဆောင်များ၊ သမိုင်းစဉ်နှင့် သမိုင်းစဉ်တစ်လျှောက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဂုဏ်ဒြပ်များအပေါ် အလေးအမြတ်ထားကြောင်း၊ လေးစားဂုဏ်ယူလျက်ရှိကြောင်း သက်သေညွှန်းဆိုနေသေးသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖနောင်ပင်မြို့ရှိ Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY အား သွားရောက်ဖူးမြော်ခဲ့သည်။ ဆက်လက်ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံး၊ စစ်သံရုံးမိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံခဲ့သေး၏။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် Techo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ ခရီးဆက်ခဲ့၏။ ဆီရမ်ရိမြို့တွင် ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ၏အနာဂတ်လုပ်ငန်းများ၊ ချစ်ကြည်ရေးခိုင်မာနေမှုများ၊ မြန်မာအလုပ်သမားများအား ကမ္ဘောဒီးယားဥပဒေဘောင်အတွင်းမှ စောင့်ရှောက်ပေးရန်နှင့် အလုပ်သမား အခွင့်အရေးအပြည့်အဝရရှိစေရေးကို ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးခဲ့ကြသည်။


ဒေသစံတော်ချိန် ညနေပိုင်း၌ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံဆီသို့ပြန်ခဲ့ကြ၏။ ၂ ရက်တာ မြန်မာ – ကမ္ဘောဒီးယား ခရီးစဉ်မှာ အောင်မြင်စွာ ပြီးမြောက်ခဲ့လေပြီ။ စာရေးသူ ရှေ့တွင်ဆိုခဲ့သော နိုင်ငံတော်အကြီးအကဲ၏ မဟာဗျူဟာမြောက်ခြေလှမ်းများကို လေ့လာကြည့်ကြဖို့ ဖိတ်ခေါ်လိုပါသည်။



စက်တင်ဘာ ၁၂ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံဃာ့အဓိပတိ ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

### နိုင်ငံတော်အကြီးအကဲ၏ မဟာဗျူဟာမြောက်ခြေလှမ်းများ

စာဖတ်သူများသို့ ကနဦးမျှဝေလိုသည်မှာ နိုင်ငံတော်အကြီးအကဲသွားရောက်ခဲ့သည့် ပြည်ပနိုင်ငံများ၏ တည်နေရာများဖြစ်သည်။ အိန္ဒိယနိုင်ငံသည် တောင်အာရှတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် အာရှတိုက်အရှေ့ဘက်၊ ပစိဖိတ်သမုဒ္ဒရာ၏အနောက်ဘက် ကမ်းရိုးတန်းတွင် တည်ရှိသည်။ ရုရှားနိုင်ငံသည် အာရှတိုက်နှင့်ဥရောပတိုက်တွင် တည်ရှိ၏။ ဘယ်လာရုစ်နိုင်ငံသည် ဥရောပတိုက်တွင် တည်ရှိသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

လာအို၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား နိုင်ငံများသည် အာဆီယံဒေသတွင်း နိုင်ငံများဖြစ်ကြသည်။ ဆက်စပ်ကြည့်လျှင် ဥရောပ၊ အရှေ့အာရှ၊ တောင်အာရှ၊ ပစိဖိတ်နှင့် အရှေ့တောင်အာရှဟု ဆက်စပ်မြင်တွေ့ရမည်ဖြစ်သည်။ GMS နိုင်ငံအဖွဲ့ဝင်နိုင်ငံများမှာ တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံများဖြစ်ကြသည်။ ထိုသို့ဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ ခြေလှမ်းများကို မှန်းဆနိုင်မည်သာဖြစ်သည်။ လက်ရှိ နိုင်ငံတော်အကြီးအကဲ သွားရောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် မိမိတို့မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းတွင် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအရ အပြန်အလှန် အထောက်အပံ့ဖြစ်စေသော ဗျူဟာမြောက် တည်နေရာများတွင် တည်ရှိနေကြသည့် နိုင်ငံများဖြစ်၏။ အထူးသဖြင့် မဟာမဲခေါင်ဒေသခွဲဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံ၏ ကုန်းမြေဆက်စပ်မှု ပေါင်းကူးတံတားအဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဒေသတွင်း စီးပွားရေး စင်္ကြံလမ်းကြောင်းများနှင့် မိမိတို့မြန်မာနိုင်ငံ၏ စီးပွားရေးစင်္ကြံလမ်းကြောင်းများတွင် အချက်အချာကျကျတည်ရှိနေမှု၊ ဒေသတွင်း၌ ကုန်းမြေဆက်စပ်မှု ပေါင်းကူးတံတားများသဖွယ် ဖြစ်တည်နေမှု၊ နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များ၏ အရေးပါမှုများကိုပါ ဆက်စပ်မြင်တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ အနေဖြင့် သမ္မတတာဝန်ထမ်းဆောင်သည့် ကာလခြောက်လအတွင်း ရုရှား၊ ဘယ်လာရုစ်၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် နှစ်နိုင်ငံချစ်ကြည်ရေးမှတစ်ဆင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအထိ လှမ်းတက်နိုင်ခဲ့သည်။ ထို့ပြင် အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သော လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများသို့လည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ပြီး မိတ်ဖက်စစ်အဖြစ် ဖော်ဆောင်နိုင်ခဲ့သည်။ ခရီးစဉ်များတစ်လျှောက် နိုင်ငံတော်အကြီးအကဲအချင်းချင်း တွေ့ဆုံပြောဆိုရာတွင် **ယုံကြည်စိတ်ချရဆုံး** ဆိုသည့် စကားလုံးကို တွေ့မြင်ဖူးကြမည်။ ဤသည်ကား ခရီးစဉ်များမှ နိုင်ငံတော်အတွက် အကောင်းဆုံးရလဒ်များကို ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ မဟာဗျူဟာမြောက် ခြေလှမ်းများက ပိုမိုပီပြင်လာသည်ကိုတွေ့မြင်ရမည်ဖြစ်သည်။ ယခု မြန်မာ–ကမ္ဘောဒီးယား ခရီး၌လည်း နှစ်နိုင်ငံ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး အောင်မြင်သောခရီးစဉ်အဖြစ် သမိုင်းမှတ်တမ်းရေးထိုးနိုင်ခဲ့ပြန်ပါပြီ။ နိုင်ငံတော်အကြီးအကဲအနေဖြင့်မဟာဗျူဟာမြောက်ခြေလှမ်းများမှတစ်ဆင့် နိုင်ငံတော်၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်၏ အနာဂတ်အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း ရေးသားလိုက်ရပါတော့သည်။ ။



စက်တင်ဘာ ၁၁ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ ခမည်းတော်ဘုရင် သီဟာနု၏ရုပ်တုရှေ့တွင် လွှမ်းသူပန်းခွေချ၍ အလေးပြုစဉ်။

# (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ တားဆီးနှိမ်နင်းခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ ၌ "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"ဟု အတိအလင်းပြဋ္ဌာန်းထားသည့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၁ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ရာ ယခုအခါ (၁၄)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

လူကုန်ကူးမှုသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဂုဏ်သိက္ခာကို ကြီးမားစွာထိပါးဖျက်ဆီးနေသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက တိုက်ဖျက်နေရသည့် နိုင်ငံဖြတ်ကျော်မှုခင်းတစ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာ့ခေတ်ရေစီးကြောင်းပြောင်းလဲမှုများ၊ နည်းပညာတိုးတက်မှုများနှင့်အတူ ယနေ့ခေတ်လူကုန်ကူးမှုပုံစံများဟာ ပိုမိုနက်နဲဆန်းပြားလာပြီး အထူးသဖြင့် ဆိုက်ဘာနည်းပညာအသုံးချတဲ့ အွန်လိုင်းအဓမ္မစေခိုင်းမှုများ၊ အွန်လိုင်းလိမ်လည်မှုများမှတစ်ဆင့် ဆက်နွယ်ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုများသည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများအတွက် စိန်ခေါ်မှုအသစ်ဖြစ်ပေါ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ(၄)ရပ်၊ အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို (၅)နှစ်စီမံကိန်းရေးဆွဲ၍ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ(၄)ရပ်နှင့် လုပ်ငန်းကဏ္ဍ(၄)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ ပဉ္စမနှစ်ဖြစ်သည့် ၂၀၂၆ ခုနှစ် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime – UNCTOC)နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ်အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children) ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP)ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုး၍လည်းကောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking–COMMIT)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation – BIMSTEC)၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘာလီလုပ်ငန်းစဉ် (Bali Process on People Smuggling, Trafficking in Persons and Felated Transnaticnal Crime–Bali Process)၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang–Mekong lintegrated Law Enforcement and Security Cooperation Center–LMLECC) နှင့် အာဆီယံကဏ္ဍစုံလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၈) ဘိုဟိုးလုပ်ငန်းစီမံချက် (BOHOL TIP Work Plan 2.0) တို့တွင် ပူးပေါင်းပါဝင်၍လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများသို့ အဓမ္မလက်ထပ်ရန် လူကုန်ကူးခြင်း၊ အဓမ္မပြည့်တန်ဆာပြုလုပ်စေခြင်း၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း စသည့်ဖြစ်စဉ်များ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။

လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ဖော်ထုတ်အရေးယူမှု ၈၃ မှုတွင် တရားခံ ၂၃၅ ဦး တရားစွဲတင်ပို့နိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၄၃ ဦး ကယ်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်စေမှု ၆၃.၈၆ ရာခိုင်နှုန်း၊ အဓမ္မအလုပ်ခိုင်းစေမှု ၁၅.၆၆ ရာခိုင်နှုန်း၊ ပြည့်တန်ဆာအဖြစ်အဓမ္မပြုလုပ်စေမှု ၁၄.၄၆ ရာခိုင်နှုန်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စအဓမ္မပြုလုပ်စေမှု ၄.၈၂ ရာခိုင်နှုန်းနှင့် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများထုတ်ယူမှု ၁.၂၀ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် လူမှုကွန်ရက်ပလက်ဖောင်းများတွင် အလုပ်အကိုင်၊ ငွေကြေး မက်လုံးပေးသည့် ကြော်ငြာအတုများဖြင့် အယုံသွင်းစည်းရုံးခေါ်ဆောင်မှုများ၊ စနစ်တကျဂိုဏ်းဖွဲ့ကျူးလွန်သူများအား ထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ နည်းပညာအသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပြစ်ဒဏ်ချမှတ်မှုအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှု ၆၉ မှုတွင် တရားခံ ၁၂၂ ဦးအနက် ထောင်ဒဏ်(၂၅)နှစ် နှစ်ဦး၊ ထောင်ဒဏ်နှစ်(၂၀) ၃၃ ဦး၊ ထောင်ဒဏ်(၁၀)နှစ်နှင့်အထက် ၇၉ ဦး၊ ထောင်ဒဏ်(၁၀)နှစ်အောက် ရှစ်ဦးတို့အား ထိုက်သင့်ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့ပါသည်။

အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး စုဆောင်းခြင်းများ တရားမဝင်ဆောင်ရွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ တရားမဝင်ပို့ဆောင်သူများအား ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး နစ်နာသူများအား ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အထိ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ၂၃ မှု ရှိခဲ့ပြီး တရားခံ ကျား ၃၄ ဦး၊ မ ၃၉ ဦး စုစုပေါင်း ၇၃ ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ပို့ဆောင်ခံရသူ ကျား ၂၁ ဦး၊ မ ၃၈ ဦး စုစုပေါင်း ၅၉ ဦးတို့အား ကူညီကယ်တင်ပေးနိုင်ခဲ့ပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သောဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုအား လူကုန်ကူးမှုအသိပညာပေး မှုခင်းသတင်း၊ ဆောင်းပါး၊ ကဗျာ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများ စသည်တို့အား ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Hot Line ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုသတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း၍ မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများအထိ ပြည်သူလူထုများ အသိပညာရရှိရေးအတွက် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ အသိပညာပေး Billboard များစိုက်ထူခြင်း၊ ကားဂိတ်၊ ရေဆိပ်၊ လေဆိပ်၊ ဘူတာရုံ စသည့် လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စတစ်ကာများကပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအား တရားမဝင်ရွှေ့ပြောင်း သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မခိုင်းစေခံရနိုင်ခြင်း၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းများ ကြုံတွေ့နိုင်ကြောင်းနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်း ပြည်ပသို့ထွက်ခွာမည့်သူများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ တိုက်ရိုက်ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် Whatsapp QR Code၊ Viber QR Code များပေးအပ်ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံရှိ သံရုံးများနှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့အင်တာပိုလ်၏ National Central Bureau (NCB) လမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့် ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို ၎င်းတို့၏နိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နယ်စပ်ဒေသများရှိ တရားမဝင်အွန်လိုင်းလောင်းကစားရုံများ၊ ငွေကြေးလိမ်လည်မှုပြုလုပ်ကြသော Online Scam လုပ်ငန်းများသို့ လိမ်လည်ခေါ်ယူခြင်းများကို အုပ်စုဖွဲ့ စနစ်တကျကျူးလွန်လာကြသည့်အတွက် တရားမဝင် ဝင်ရောက်မှုနှင့် လူကုန်ကူးမှုဖြစ်စဉ်များမှ တားဆီးကာကွယ်ရန် မြို့ဝင် မြို့ထွက် စစ်ဆေးရေးဂိတ်များ၊ နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်များနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အသိပညာပေးခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ တားဆီးအသိပညာပေးကာ နေရပ်သို့ ပြန်လည်စေလွှတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ သွေးဆောင်ခေါ်ယူခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်းစေခြင်း၊ လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်းများအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အွန်လိုင်းလိမ်လည်မှုများကို နည်းပညာပိုင်းဆိုင်ရာ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းစောင့်ကြည့်ခြင်း၊ စိစစ်ဖော်ထုတ်ခြင်းနှင့် အရေးယူခြင်းတို့ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ရန် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ၃၁-၇-၂၀၂၄ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃)ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်"နှင့်အညီ လူကုန်ကူးခံရသူများ၏ လူမှုဘဝရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မိဘရပ်ထံပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ကို လူကုန်ကူးခံရသူတစ်ဦးချင်းအတွက် သင့်လျော်သောဝန်ဆောင်မှုအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် တရားရုံးရင်ဆိုင်နေစဉ်ကာလအတွင်း ခရီးစရိတ်၊ အစားအစာနှင့်ရိက္ခာ၊ ဆေးကုသစရိတ်၊ ဘဝရပ်တည်နိုင်ရေး နောက်ဆက်တွဲကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူကုန်ကူးခံရသူများအား လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့်လည်းကောင်း၊ မိမိတို့၏သဘောဆန္ဒအရသော်လည်းကောင်း၊ အခြားသောအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ရွှေ့ပြောင်းသွားလာခြင်းဖြင့် ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိ၍ ဘေးဒုက္ခကြုံတွေ့နေသော မြန်မာနိုင်ငံသားများ ဘေးမသီရန်မခဘဲ ပြန်လည်ဝင်ရောက်လာနိုင်ရေးနှင့် ရွှေ့ပြောင်းလုပ်သားများအနက် လူကုန်ကူးခံရနိုင်ခြေရှိသည့် ထိခိုက်လွယ်အုပ်စုများအား စိစစ်ဖော်ထုတ်ပြီး တိုက်ရိုက်အကူအညီပေးခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ မိဘရပ်ထံပြန်လည်ပို့ဆောင်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၁ သို့ ☆

# ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်နှင့် (၄၆)ကြိမ်မြောက် မဟာ/စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၁၂**

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်နှင့် (၄၆)ကြိမ်မြောက် မဟာ/စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရွှေအင်းရိပ်သာစာသင်တိုက် ဦးစီးပဓာနနာယက မြို့နယ်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနေမိန္ဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေအင်းရိပ်သာကျောင်းတိုက် ဘဒ္ဒန္တပညာသာမိ၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌနှင့် အထူးကြီးကြပ်ရေးအဖွဲ့ဆရာတော်များ၊ ၂၀၂၆ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သော ဘွဲ့တံဆိပ်တော်ရဆရာတော်များနှင့် သီလရှင်ဆရာလေးများ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဓမ္မာစရိယ ဂုဏ်ထူးဆောင် သံဃာတော်နှင့် သီလရှင်များ၊ ဓမ္မာစရိယ စာအောင်သံဃာတော်နှင့် သီလရှင်များ၊ ပထမပြန်ငယ်၊ ပထမပြန်လတ်၊ ပထမပြန်ကြီးစာအောင် သံဃာတော်နှင့် သီလရှင်များ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒါယကာ၊ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ ဘွဲ့တံဆိပ်တော်ရဆရာတော်၊ သီလရှင်ဆရာလေးတို့၏ ကိုယ်ရေးထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက သြဝါဒါစရိယ ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ဘွဲ့ရဆရာတော်များ၊ ဓမ္မာစရိယနှင့် စာအောင်သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ဘွဲ့တံဆိပ်တော်များ၊ လှူဖွယ်ပစ္စည်းများနှင့် စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**☆ စာမျက်နှာ ၁၀ မှ**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ လုပ်ငန်းကဏ္ဍ(၄)ရပ်ဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (Policy and Coperation)ပါ လုပ်ငန်းစဉ် (၂၃)ခု၊ ကြိုတင်ကာကွယ်ရေးကဏ္ဍ (Prevention)ပါ လုပ်ငန်းစဉ် (၁၆)ခု၊ တရားစွဲဆိုရေးကဏ္ဍ (Prosecution)ပါ လုပ်ငန်းစဉ် (၂၀)ခု၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection)ပါ လုပ်ငန်းစဉ်(၂၅)ခုတို့အား ထိရောက်အောင်မြင်စေရန်အတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်ဖြစ်သည့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များအား အွန်လိုင်းလိမ်လည်မှုများမှတစ်ဆင့် ဆက်နွှယ်ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှုနှင့်ဆက်စပ်သည့် အဓမ္မခိုင်းစေမှုများမခံရစေရေး တားဆီးကာကွယ်စောင့်ရှောက်ပေးခြင်းများကို ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆက်စပ်ဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၆ ခုနှစ်၊ (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ"**ဆိုသည့်အတိုင်း လူကုန်ကူးမှု၏သားကောင်မဖြစ်စေရေးအတွက် လိမ်လည်ထောင်ချောက်ဆင်ကမ်းလှမ်းမှုများ၊ သတင်းအချက်အလက်များအား သေချာစွာစုံစမ်းလေ့လာပြီး လိမ်လည်လှည့်ဖြားသည့် ထောင်ချောက်များကို သတိပြုကာ မိသားစုနှင့် ပတ်ဝန်းကျင်ကို အသိပေးကာကွယ်ခြင်းဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အတူတကွပူးပေါင်းပါဝင်ပြီး ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင် တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ ။

**■ ကျောဖုံးမှ**

ထို့ပြင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအထိ နယူးယောက်မြို့၊ Bank of America ရှိ မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ ဘဏ်ငွေစာရင်းတွင် နိုင်ငံပိုင်ဘဏ္ဍာငွေမှာ အမေရိကန်ဒေါ်လာ ၂.၇၆ သန်းနှင့် ယူရို ၃၈၂၃၃.၆၂ ကျန်ရှိကြောင်း သိရှိရသည်။ အဆိုပါ လက်ကျန်ဘဏ္ဍာငွေများကို နိုင်ငံတော်၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ယူသုံးစွဲခြင်း၊ ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ သို့ပါ၍ ကျော်မိုးထွန်းအနေဖြင့် ဘဏ်တွင်ရှိသော နိုင်ငံပိုင်ဘဏ္ဍာငွေများကို မည်သည့်ခေါင်းစဉ်များဖြင့် သုံးစွဲထားသည်ကို အထောက်အထားများနှင့်တကွ ရှင်းလင်းရန် လိုအပ်မည်ဖြစ်သည်။

ထို့ပြင် ကျော်မိုးထွန်းသည် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် CRPH အဖွဲ့တို့နှင့် တိုက်ရိုက်ဆက်သွယ်ကာ ၎င်းတို့၏ သစ္စာခံကိုယ်စားလှယ်အဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂစင်မြင့်ကို အလွဲသုံးစားပြုကာ အွန်လိုင်းပေါ်တွင် ပုံရိပ်ယောင်တရားဝင်မှုပြသပြီး NUG အတွက် အလှူငွေကောက်ခံရန် ဝါဒဖြန့်လက်နက်တစ်ခုအဖြစ် လုပ်ဆောင်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း အပြစ်မဲ့ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နေသည့် တရားမဝင် အကြမ်းဖက်လှုပ်ရှားမှုများကို နိုင်ငံတကာစင်မြင့်၌ ဖုံးကွယ်ကာကွယ်ပေးခြင်း၊ လှုံ့ဆော်အားပေးခြင်းတို့ဖြင့် အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက်ကြံရာပါအဖြစ် ဆက်လက်ပါဝင် ဆောင်ရွက်လျက်ရှိသည်။

အထက်ဖော်ပြပါ လုပ်ရပ်များနှင့်ပတ်သက်၍ ကျော်မိုးထွန်းအား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၂) ဖြင့် ဒက္ခိဏခရိုင်တရားရုံးတွင် ရာဇဝတ်မှုအမှတ်(၃၂/၂၀၂၁) ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဝရမ်းထုတ်ဆင့်ထားရှိပြီးဖြစ်သည်။ ထို့ပြင် မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(၁) နှင့် ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က တို့အရ အရေးယူဆောင်ရွက်ထားရှိပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)တို့အရ ထပ်မံတရားစွဲဆိုပြီးဖြစ်သည်။

လက်ရှိတွင် ကျော်မိုးထွန်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ တို့အရ တရားခံပြေးအဖြစ်ကြေညာ၍ တရားရုံးအမိန့်များ ထုတ်ဆင့်ထားရှိပြီး INTERPOL နှင့် United States National Central Bureau (USNCB)တို့မှတစ်ဆင့် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့်ပူးပေါင်းကာ အမေရိကန်ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်အရေးယူနိုင်ရေး သံတမန်လမ်းကြောင်းမှ ဆက်လက်ဆောင်ရွက်ရန်ရှိသည်။

သို့ဖြစ်ပါ၍ ကျော်မိုးထွန်း၏ နိုင်ငံပိုင်ဘဏ္ဍာငွေနှင့် ပစ္စည်းများအား အလွဲသုံးစားပြုလုပ်မှု၊ တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုနှင့် နိုင်ငံတော်ကိုယ်စားပြုခွင့်မရှိဘဲ ကုလသမဂ္ဂမျက်နှာစာအား အသုံးပြု၍ လှုပ်ရှားဆောင်ရွက်နေမှုများကြောင့် ၎င်း၏ပုဂ္ဂိုလ်ရေးယုံကြည်ကိုးစားမှု (Credibility) နှင့် ကိုယ်စားပြုခွင့်အပေါ် မေးခွန်းထုတ်စရာ ဖြစ်ပေါ်လျက်ရှိသည်။ ကျော်မိုးထွန်းသည် ကုလသမဂ္ဂတွင် မြန်မာနိုင်ငံကိုယ်စားပြုမှု ဆက်လက်ရရှိနေခြင်းမှာ တရားဝင် အသိအမှတ်ပြုခံရခြင်း မဟုတ်ဘဲ ခန့်အပ်လွှာစိစစ်ရေးကော်မတီ(Credentials Committee) ၏ ဆုံးဖြတ်ချက်ကို နှစ်စဉ်ဆိုင်းငံ့ထားခြင်း (Deferral)အပေါ် အခြေခံသည့် ယာယီအခြေအနေသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျော်မိုးထွန်းအား မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှု/တရားဝင်ကိုယ်စားလှယ်အဖြစ် ပယ်ဖျက်ရုပ်သိမ်းထားပြီး ဖြစ်ပါကြောင်းနှင့် ၎င်း၏ တရားမဝင်ထုတ်ပြန်ချက်များ၊ လှုံ့ဆော်မှုများသည် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ သဘောထားမဟုတ်ကြောင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် သံတမန်ဆက်ဆံရေးရှိသော အစိုးရများအားလုံးထံ လေးနက်စွာ အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်**

# လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကြို့ပင်ကောက် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျွန်းကုန်းကြီးကျေးရွာ အထက်တန်းကျောင်းတွင် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လူကုန်ကူးမှုခံရခြင်းနှင့် ဖြစ်ပေါ်တတ်သော ဖြစ်စဉ်များအကြောင်း ဟောပြော၍ မြို့မရဲစခန်းမှူးက လူကုန်ကူးမှုဖြစ်စဉ်နှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အခြေအနေများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

# သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးနှင့် သတင်းစီးဆင်းမှုမှန်ကန်စေရေး အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက စီစဉ်ကျင်းပသည့် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ သတင်းမီဒီယာ ကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဟောပြောပွဲ မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစာပေဆုရှင် ဒေါက်တာ တင်ထွန်းဦးက သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးနှင့်ကြေးမုံသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးခင်မောင်ကျော်ဒင်က သတင်းစီးဆင်းမှု မှန်ကန်စေရေးတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။



**အောင်ကျော်(ပြန်/ဆက်)**

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်ဥပဒေရုံးများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၂**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စံနမူနာပြ ရှေ့ပြေးဥပဒေရုံးများအဖြစ် ဆောင်ရွက်နေသည့် တိုက်ကြီးခရိုင်၊ မှော်ဘီခရိုင်၊ လှည်းကူးခရိုင်နှင့် မင်္ဂလာဒုံခရိုင်ဥပဒေရုံးများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဥပဒေရေးရာဝန်ကြီးဌာနလက်အောက်ရှိ အဆင့်ဆင့်သော ဥပဒေရုံးများကို တရားဥပဒေစိုးမိုးရေး အထောက်အကူပြုနိုင်ရေးအတွက် စံပြရှေ့ပြေးဥပဒေရုံးများ (Pilot Law Office) များအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအခါ စံပြရှေ့ပြေးဥပဒေရုံးအဖြစ် သတ်မှတ်ပြီးသည့် ဥပဒေရုံးပေါင်း ၄၁ ရုံးရှိပြီဖြစ်ကြောင်း၊ ထိုသို့သတ်မှတ်ထားမှုနှင့်အညီ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် တိုက်ကြီးခရိုင်၊ မှော်ဘီခရိုင်၊ လှည်းကူးခရိုင်နှင့် မင်္ဂလာဒုံခရိုင် ဥပဒေရုံးများအား စံပြရှေ့ပြေးဥပဒေရုံးများ (Pilot Law Office)အဖြစ် တိုးချဲ့သတ်မှတ်နိုင်ရေး၊ ဝန်ထမ်းများ၏ အခက်အခဲများ၊ နေထိုင်စားသောက်ရေးနှင့် ရုံးအဆောက်အအုံပိုင်းဆိုင်ရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ယာယီပိတ်သိမ်းမည့် Teng Hui (Myanmar) Knitting Co., Ltd (သိုးမွေးစက်ရုံ) အလုပ်သမားများ အလုပ်လက်မဲ့ မဖြစ်စေရေးနှင့် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် လုပ်သားလိုအပ်သည့် အခြားစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လုပ်သားအင်အား ၂၆၁၀ ဖြင့် လုပ်ကိုင်သည့် Teng Hui (Myanmar) Knitting Co., Ltd (သိုးမွေးစက်ရုံ) သည် အော်ဒါနည်းပါးမှုကြောင့် ယာယီပိတ်သိမ်းမည့် အပေါ် အလုပ်သမားများ အလုပ်လက်မဲ့ မဖြစ်စေရေးနှင့် အလုပ်သမားဥပဒေပါရပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် အလုပ်ပြောင်းရွှေ့ လုပ်ကိုင်လိုသော လုပ်သားအင်အား ၂၃၅၅ ဦးကို လိုအပ်သည့် အခြားစက်ရုံများတွင် ပြောင်းရွှေ့ လုပ်ကိုင်နိုင်ရေး ကူညီချိတ်ဆက် ဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့တွင် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံသို့ သွားရောက်ပြီး စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုများဖြင့် တည်ဆဲအလုပ်သမား ဥပဒေများကို လေးစားလိုက်နာနိုင်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ Apex Plus Garment Co., Ltd အထည်ချုပ်စက်ရုံနှင့် Tri–Win Leather Co.,Ltd အထည်ချုပ်စက်ရုံတို့သို့ သွားရောက်၍ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်၊ အလုပ်သမားများနှင့် တွေ့ဆုံပြီး အလုပ်သမားရေးရာကိစ္စရပ်များ ရှင်းလင်းပြောကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အထည်ချုပ်စက်ရုံနှစ်ရုံမှ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမား ၂၁၂၂ ဦးတို့ကို အလုပ်သမား ဆေးရုံကြီးများမှ အထူးကုဆရာဝန်များ ပါဝင်သော ရွေ့လျား ဆေးကုသယာဉ်နှင့် ရွေ့လျားဆေးကုသရေးအဖွဲ့ဖြင့် လိုအပ်သော ဆေးကုသမှုနှင့် ဆေးဝါးထောက်ပံ့ပေးအပ်မှုများ၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများနှင့် ECG စက်ဖြင့် နှလုံးစစ်ဆေးခြင်းများ၊ မျက်စိစစ်ဆေးမှုများအား လုပ်ငန်းခွင်အရောက် ဆောင်ရွက်ပေးမှုကို ကြည့်ရှုအားပေးသည်။

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင် အာမခံအလုပ်သမား ၁၀၃၂၂၇၁ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၃ ခန်း၊ Fee for service စာချုပ်ဆေးခန်း ၅၂ ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ ရွေ့လျားဆေးကုသယာဉ်များဖြင့်ဆေးကုသမှုဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အာမခံအလုပ်သမားများအတွက် စိုက်ထုတ်ကုန်ကျခဲ့သော ဆေးဖိုးကုန်ကျစရိတ်များကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇၉၇၄ ဒသမ ၃၉၆ သန်းနှင့် ၂၀၂၆ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ ငွေကျပ် ၁၅၄၀ ဒသမ ၈၈၂ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## သီပေါမြို့၌ ကျောင်းပေါင်းစုံအမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲ ကျင်းပ

**သီပေါ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲကိုကျင်းပရာ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဘော်ကြိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲတို့မှ ပြိုင်ပွဲဝင် အဖွဲ့ငါးဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင်အဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ ကံသာ-ဇီးတောလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

**နတ်တလင်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၇၂ သန်းဖြင့် တာဝန်ယူဆောင်ရွက်သည့် ကံသာ–ဇီးတောလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းအခြေအနေကို စက်တင်ဘာ ၁၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ သာယာဝတီခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ငွေ၊ နတ်တလင်းမြို့နယ်အငယ်တန်းအင်ဂျင်နီယာ–၁(မြို့ပြ) ဦးရန်အောင်တို့က ဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကံသာ–ဇီးတောလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အခြေအနေများကို ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**





## သရက်မြို့နယ်ရှိ မိုးစပါးစိုက်ခင်း၌ ဥကပ်ပါးနကျယ်များစေလွှတ်ခြင်း ကွင်းသရုပ်ပြ

**သရက် စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မုဋ္ဌလီကျေးရွာတွင် မိုးစပါးစံပြကွက် ၂၅ ဧက စိုက်ခင်းတွင် ဥကပ်ပါးနကျယ်များစေလွှတ်ခြင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၁၀ ရက်က ဆောင်ရွက်သည်။

အဆိုပါပြပွဲတွင် တစ်ဧကလျှင် ဥကပ်ပါးနကျယ်ကတ် ၄၀ နှုန်းဖြင့် ၂၅ ဧကအတွက် လိုအပ်သော ဥကပ်ပါးနကျယ်ကတ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်သူများအား ပေးအပ်ပြီး စုပေါင်းလက်တွေ့ချိတ်ဆွဲခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ရှင်းလင်းဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ကို ပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့ပြီးတဲ့နောက် နိုင်ငံတော်အဆင့်ခရီးစဉ်တွေ အောင်မြင်စွာသွားရောက်ခဲ့တယ်။ အခု ကမ္ဘောဒီးယားနိုင်ငံက ရှစ်နိုင်ငံမြောက် နိုင်ငံတော်အဆင့်ခရီးစဉ်ဖြစ်ပါတယ်။ အောင်မြင်တဲ့ခရီးစဉ်ဖြစ်တဲ့အတွက် ခရီးစဉ်အောင်မြင်မှုတွေထဲက ထူးခြားတဲ့အချက်တွေကို သိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်သမ္မတကြီးက သမ္မတအဖြစ် တာဝန်ယူပြီးတဲ့အချိန်ကစပြီး ရှစ်နိုင်ငံမြောက် သွားရောက်တဲ့ခရီးစဉ်ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ လေးနိုင်ငံမြောက်ပါ။ အထူးသဖြင့် ကုန်းတွင်းကုန်းမြေရှိတဲ့ ဆက်စပ်နေတဲ့အာဆီယံနိုင်ငံတွေပါ။ အထူးခြားဆုံးအောင်မြင်မှုနှစ်ခုကို ပြောရမယ်ဆိုရင် ပထမတစ်ခုက ကြိုဆိုတာပါ။ ဒီကြိုဆိုတဲ့နေရာမှာ လှိုက်လှိုက်လှဲလှဲနွေးနွေးထွေးထွေးနဲ့ တကယ့်ကို မိသားစုအရင်းအချာတစ်ယောက် ကိုယ့်အိမ်ကိုပြန်လာတဲ့ပုံစံမျိုးနဲ့ ကြိုဆိုတာပါ။ တကယ်တော့ ဒါက State Visit ပါ။ State Visit မှာ နိုင်ငံတော်အကြီးအကဲတစ်ယောက် ကိုယ့်နိုင်ငံကို လာရောက်တဲ့အချိန်မှာကြိုတဲ့ပုံစံမျိုးထက် ထူးကဲပြီးတော့ ကိုယ့်မိသားစုအရင်းအချာ အိမ်ကိုပြန်လာတဲ့ပုံစံမျိုးနဲ့ လှိုက်လှိုက်လှဲလှဲနွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ပြီးတော့ ကြိုဆိုတဲ့ပြည်သူတွေကလည်း တကယ့်ကို လှိုက်လှဲနွေးထွေးတာကို တွေ့ရပါတယ်။

ဒုတိယတစ်ချက်ကတော့ ရပ်တည်ချက်ပါ။ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ရပ်တည်ချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ အာဆီယံမှာ မြန်မာနိုင်ငံကို ဖယ်ကြဉ်ထားတာမျိုး၊ အဆင့်နှိမ့်ပြီး ဆက်ဆံတာမျိုး ဒါကို လုံးဝလက်မခံပါဘူး။ မြန်မာနိုင်ငံက အာဆီယံမိသားစုတွေထဲမှာ ဆက်ပြီးတော့ တည်ရှိရပါမယ်ဆိုပြီး ကမ္ဘောဒီးယားနိုင်ငံရဲ့ ရပ်တည်ချက်ကို ခိုင်ခိုင်မာမာပြောသွားပါတယ်။ ဒီလိုပြောတာက အခုလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံအတွက် တကယ့်အားတက်စရာအနေအထားမျိုးဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

**မေး။ ။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံတဲ့အချိန်မှာ အာဆီယံဒေသတွင်းမှာ မြန်မာနိုင်ငံဘက်ကနေ အစဉ်အမြဲရပ်တည်ပေးမယ်လို့ ပြောခဲ့တာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ကမ္ဘောဒီးယားနိုင်ငံက အစဉ်အမြဲ အားပေးထောက်ခံပြီး ဆောင်ရွက်ပေးမယ်လို့ပြောတာလည်း ရှိပါတယ်။ လက်ရှိခရီးစဉ်က အာဆီယံအရေး၊ ငြိမ်းချမ်းရေး၊ သံတမန်ရေးအတွက် ဘယ်လောက်ထိအောင်မြင်မှုတွေ ရရှိခဲ့တယ်ဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ ဒီခရီးစဉ်မှာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ မစ္စတာ ဆမ်ဒက်ဟွန်ဆင်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဝန်ကြီးချုပ်နဲ့၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံမှုတိုင်းမှာ နိုင်ငံ့အကြီးအကဲတွေက ကျွန်မတို့ နိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို ထောက်ခံတယ်လို့ ပြောတယ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကိုလည်း အားပေးတယ်။ အာဆီယံမှာ၊ နိုင်ငံတကာအသိုက်အဝန်းမှာ ပြန်လည်ဝင်ဆံ့ဖို့၊ သင့်မြတ်ဖို့ ကျွန်မတို့ ကြိုးစားနေတဲ့လုပ်ဆောင်ချက်တွေကိုလည်း အသိအမှတ်ပြုပါတယ်။




နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး ရှင်းလင်းဖြေကြားစဉ် ။

ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့မှာ ကျွန်မတို့နိုင်ငံ မူလအတိုင်း ပြန်လည်ပြီး တက်တက်ကြွကြွပါဝင်လာစေဖို့ အပြည့်အဝထောက်ခံသွားမယ်၊ နိုင်ငံတကာမျက်နှာစာမှာလည်း အပြည့်အဝထောက်ခံသွားမယ်။ ဒီလိုအနေအထားတွေက အာဆီယံ သုံးနိုင်ငံ သွားခဲ့တုန်းကလည်း ဒီအတိုင်းပါပဲ။ အခု လေးနိုင်ငံမြောက်မှာလည်း သုံးနိုင်ငံသွားခဲ့တုန်းကလို ဒီအတိုင်း ကျွန်မတို့ကို ပြောခဲ့ပါတယ်။ အခု စတုတ္ထမြောက်နိုင်ငံမှာလည်း အာဆီယံနဲ့ပတ်သက်လို့ အပြည့်အဝထောက်ခံသွားမယ်၊ ကျွန်မတို့ရဲ့ ရပ်တည်ချက်၊ မြန်မာနိုင်ငံအတွက် မြန်မာ့နည်းလမ်းနဲ့သွားမယ်ဆိုတဲ့ရပ်တည်ချက်ကို အပြည့်အဝထောက်ခံပါတယ်ဆိုပြီး ပြောသွားတာပါ။ ဒါက ကျွန်မတို့နိုင်ငံ ရှေ့ဆက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေမှာ၊ နောက်တစ်ခါ အာဆီယံနဲ့ ပြန်လည်ပေါင်းစည်းရေးကိစ္စတွေမှာ အများကြီးအထောက်အကူဖြစ်တယ်ဆိုတာ ပြောလိုပါတယ်။

**မေး။ ။ နိုင်ငံတော်သမ္မတကြီးရဲ့ ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်ကနေ မြန်မာနိုင်ငံအတွက် လက်တွေ့အကျိုးရလဒ်အနေနဲ့ အမြန်ဆုံးတွေ့မြင်ရမယ့်အချက်ကိုလည်း သိပါရစေ။**

ဖြေ။ ။ လက်တွေ့ အမြန်ဆုံးတွေ့မြင်ရမယ့် အချက်ကတော့ ဟိုတယ်၊ ခရီးသွားလုပ်ငန်းပါ။ Siem Reap နဲ့ ပုဂံဒေသက ညီအစ်မမြို့တော်(Sister City)ပါ။ ဒါကို ဆက်ပြီးဆောင်ရွက်သွားဖို့၊ နောက်တစ်ခါ Two Countries၊ One Destination ကိုလည်း ဆက်ပြီး အကောင်အထည်ဖော်သွားဖို့ သဘောတူညီချက်ရရှိခဲ့ပါတယ်။

တိုက်ရိုက်လေကြောင်းလိုင်းတွေ တိုးချဲ့ပျံသန်းဖို့၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်ပစ္စည်းတချို့၊ နောက်တစ်ခါ စက်မှုထွက်ကုန်ပစ္စည်းတချို့ ကမ္ဘောဒီးယားနိုင်ငံကို ကုန်သွယ်မှုလုပ်ဖို့၊ တင်ပို့ဖို့အတွက်လည်း ဆွေးနွေးခဲ့တာရှိပါတယ်။

နောက်တစ်ချက်က နိုင်ငံတော်သမ္မတကြီးက ဟိုချီမင်းကနေ ဖနောင်ပင်၊ ဖနောင်ပင်ကနေ ဗန်ကောက်၊ ဗန်ကောက်ကနေမှ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ဒီအပေါ်မှာ လမ်းကြောင်းဆွဲပြီးရင် အိန္ဒိယသမုဒ္ဒရာအနောက်ဘက်ထွက်ပေါက်ကို တိုက်ရိုက်ဒေသတွင်းနိုင်ငံတွေ ဖြတ်သန်းသွားလို့ရမယ့် လမ်းကြောင်းကို Propose လုပ်ခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကလည်း ဒီလမ်းကြောင်းကို စိတ်ဝင်စားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အိန္ဒိယနိုင်ငံကို ပစ္စည်းတွေ ပို့ချင်တယ်၊ အိန္ဒိယနိုင်ငံကနေ ပစ္စည်းတွေ သွင်းချင်တယ်၊ ကုန်သွယ်မှုလုပ်ချင်တယ်။ အဲဒီအတွက် ကုန်းလမ်းကြောင်းကို အသုံးပြုချင်တယ်။ ဒါကြောင့်မို့ ဒီလမ်းကြောင်းကို စိတ်ဝင်စားပါတယ်၊ ဆက်လက်ဆွေးနွေးပါမယ်ဆိုပြီး ဆွေးနွေးခဲ့ကြတာရှိပါတယ်။

**မေး။ ။ နိုင်ငံတော်သမ္မတအနေနဲ့ ထိုင်းနိုင်ငံကိုလည်း သွားရောက်ခဲ့ပြီးပြီ၊ အခုလည်း လေးနိုင်ငံမြောက် အာဆီယံနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားကို သွားရောက်ခဲ့တယ်။ လက်ရှိ ကမ္ဘောဒီးယားနဲ့ ထိုင်းနဲ့ညှိနှိုင်းရမယ့် နယ်စပ်ပြဿနာအချို့ရှိနေတယ်။ ဒီအပေါ်မှာ မြန်မာ နိုင်ငံရဲ့ ရပ်တည်ချက်ကို သိပါရစေ။**

ဖြေ။ ။ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့က နယ်စပ်ပြဿနာတွေ ရှိနေပါတယ်။ ဒါကို နိုင်ငံ့ခေါင်းဆောင်တွေ တွေ့ဆုံတဲ့အချိန်မှာ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ နိုင်ငံတော်သမ္မတကြီးက အိမ်နီးချင်းဆိုတာ ရွေးချယ်လို့မရဘူး၊ နိုင်ငံကြီးကို ရွှေ့ပြောင်းပြီးတော့ ထွက်သွား လို့မရဘူး၊ အဲဒီတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်ဆံနေရမှာပဲဖြစ်ပါတယ်။ အဲဒီအတွက် သည်းခံရပါမယ်။ နယ်စပ်ပြဿနာဆိုတာ နယ်နိမိတ်ချင်းထိစပ်နေတဲ့နိုင်ငံတွေမှာ အနည်းနဲ့အများရှိပါတယ်။ အရေးကြီးဆုံးကတော့ ဒါကို အကောင်းဆုံးဘယ်လိုဖြေရှင်းမလဲ၊ ညှိနှိုင်းဆွေးနွေးပြီးတော့မှ Joint Committee တွေ ဖွဲ့ပြီး အကောင်းဆုံးနည်းလမ်းနဲ့ ဖြေရှင်းသွားဖို့ လိုပါတယ်။ အဓိကကတော့ ငြိမ်းချမ်းစွာ နယ်စပ်ပြဿနာကို ဖြေရှင်းကြပါဆိုပြီးတိုက်တွန်း ပြောကြားခဲ့ပါတယ်။

နောက်တစ်ခုက East-West Corridor ပါ။ စီးပွားရေးအတွက် လမ်းမကြီးတွေ၊ ရထားလမ်းတွေ တည်ဆောက်ဖို့ ဆောင်ရွက်ရာမှာ ဒါက လေးနိုင်ငံ ဗီယက်နမ်-ဟိုချီမင်း ကနေ ကမ္ဘောဒီးယား ဖနောင်ပင်၊ အဲဒီကနေမှ ဗန်ကောက်ဆိုတော့ ဒါက နယ်စပ်ပြဿနာပြေလည်မှသာ ဒီလမ်းကြောင်းကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီလမ်းကြောင်းကိုသာ အကောင်အထည်ဖော်နိုင်ခဲ့ရင် ဒေသတွင်း ရထားလမ်း၊ ကားလမ်းလမ်းကြောင်းဖြတ်တဲ့နေရာက နိုင်ငံတွေ အားလုံးအကျိုးရှိမှာဖြစ်ပါတယ်။ စီးပွားရေးအရ၊ လူမှုရေးအရ၊ ဆက်ဆံရေးအရ၊ ယဉ်ကျေးမှုအရ အားလုံးအကျိုးရှိမှာ ဖြစ်တဲ့အတွက် နယ်စပ်ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ ဒေသတွင်းအကျိုးစီးပွားကို ကြည့်ပြီး ပြေပြေလည်လည်ဖြစ်အောင် ဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။

**သတင်းအဖွဲ့**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပရာ ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

### ဂုဏ်ပြုကြိုဆို

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းဖွားအကအလှဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း မီးတိုင်များပြုပြင်ခြင်း ဆောင်ရွက်



လွိုင်ကော် စက်တင်ဘာ ၁၂

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်အားကစားကွင်း မီးတိုင်များပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက် ရှိကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ အားကစားကွင်း မီးတိုင်များ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ GYM အားကစား လေ့ကျင့်ရုံ ဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် မီးတိုင်များကို သတ်မှတ်အရည်အသွေး ပြည့်မီအောင် စနစ်တကျဆောင်ရွက်ရန်၊ မီးတိုင်နှင့် ဝန်အားမျှတသည့် ထရန်စဖော်မာ တပ်ဆင်အသုံးပြုရန်၊ GYM ရုံအတွင်း အားကစား လေ့ကျင့်ရေးပစ္စည်းများ ကြံ့ခိုင်မှုရှိစေရေး မပြတ်စစ်ဆေးရန်နှင့် ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ နောင်ယားကန်သာတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ပြည်နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ကန်ပတ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၌ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကယားပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကယားပြည်နယ်က အဆိုဘာသာရပ်တွင် ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်၊ အကဘာသာရပ်တွင် ဝါသနာရှင်အဆင့်၊ အခြေခံပညာအဆင့်၊ အလွတ်တန်း၊ အတီးဘာသာရပ်တွင် တယော၊ နှဲ၊ မယ်ဒလင်၊ ဂီတာ၊ ပလွေ၊ စောင်း၊ စန္ဒယား၊ အိုးစည်နှင့် ကချင်တိုင်းရင်းသားရိုးရာအကတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဟသ်ာတမြို့ မင်းရဲကျော်စွာလမ်း ကွန်ကရစ်လမ်းခင်းနေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ဟသ်ာတ စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဟသ်ာတမြို့ အေးမြသာယာရပ်ကွက် မင်းရဲကျော်စွာလမ်း (ဂျီကိုလမ်း) ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert ဆောက်လုပ်နေခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့်တာဝန်ရှိသူများက ယမန်နေ့တွင် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲစိုးတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင်ဖော်ပြထားသည့် ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကို Floating Unit များချထားပြီး မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသတင်း ကော်လံ ၁ ဒုတိယစာပိုဒ် လေးကြောင်းမြောက်၌ပါရှိသော တိုင်းဒေသကြီးဝန်ကြီးချုပ် **ဦးတင်မောင်ဝင်း** အစား **ဦးအေးကျော်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

# တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။



ဒေါ်ဝါဝါလွင်



မဆုရတနာပြည့်ကျော်



မပိုးအင်ကြင်း



မသော်တာတင့်



မအေးငြိမ်းငြိမ်းသူ

ထိုသို့ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ဝမ်းသာပီတိ စကားသံများကို စုစည်းဖော်ပြအပ်သည် -

**မသော်တာတင့် (မြန်မာတစ်နိုင်ငံလုံး ပထမဆုရှင် (မွေးမြူရေးဘာသာရပ်)၊ အမှတ် (၂၀)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်မက မွေးမြူရေးဘာသာရပ်ကို စိတ်ဝင်စားလို့ ဒီကျောင်းတက်ရောက်တာ ဖြစ်ပါတယ်။ ဒီလို တက်ရောက်ခွင့်ရတဲ့အခါမှာလည်း သင်ခန်းစာတွေကို ကျွန်မတို့ကိုယ်တိုင် လက်တွေ့လုပ်ဆောင်ရတယ်။ ဘာသာရပ်အပေါ် အမှန်တကယ်နားလည်တတ်ကျွမ်းမှု ရခဲ့ပါတယ်။ အနာဂတ်မှာ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။

**မဆုရတနာပြည့်ကျော် (ဘာသာစုံဂုဏ်ထူးရှင်၊ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်)**

ဒီလို ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ဖို့အတွက် ကျွန်မအနေနဲ့ နွေရာသီကတည်းက ကြိုးစား လေ့ကျင့်ခဲ့ပါတယ်။ ကျောင်းစတက်ပြီဆိုတာနဲ့ ဆရာ ဆရာမတွေ ကျောင်းမှာသင်ကြားပေးတဲ့အပေါ် အာရုံအပြည့်အဝထားပြီးတော့ လေ့လာခဲ့ပါတယ်။ ကျောင်းမှာ သေချာလေ့လာတဲ့အတွက် အိမ်ရောက်တဲ့အခါ စာကျက်ရတာ တစ်ဝက်လောက်သက်သာသွားပါတယ်။

ကျောင်းက ပြန်လာရင်လည်း အချိန်ဇယား (Timetable) လေးဆွဲထားပြီး အစီအစဉ်တကျ ကြိုးစားလေ့လာခဲ့ပါတယ်။ အခုလို ကြိုးစားမှုအပေါ်မှာ ဂုဏ်ပြုပေးတဲ့အတွက် နိုင်ငံတော်အစိုးရ၊ မိဘနှစ်ပါးနဲ့ သင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ စာမေးပွဲဖြေဆိုကြမယ့် မောင်လေးတို့၊ ညီမလေးတို့လည်း စာကို သေချာကြိုးစားပြီး လိုချင်တဲ့ရည်မှန်းချက်ရောက်အောင် လျှောက်လှမ်းကြပါလို့ ပြောလိုပါတယ်။

**မအေးငြိမ်းငြိမ်းသူ (ဘာသာစုံဂုဏ်ထူးရှင်၊ အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်မက စက်မှုအတတ်ပညာနဲ့ အောင်မြင်ခဲ့တာပါ။ ကျွန်မအနေနဲ့ စာကို တစ်နေ့စာ တစ်နေ့ ပုံမှန်လုပ်ဆောင်ခဲ့ပါတယ်။ မသိတာတွေရှိရင် ဆရာမတွေကို ချက်ချင်းမေးပါတယ်။ ဆရာမတွေကလည်း စိတ်ရှည်လက်ရှည်နဲ့ ပြန်လည်သင်ကြား ပြသပေးတဲ့အတွက် အောင်မြင်ခဲ့တာပါ။

ကျွန်မရဲ့ အနာဂတ်ရည်မှန်းချက်ကတော့ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတစ်ယောက် ဖြစ်လာဖို့ပါ။ ကျောင်းမှာယူထားတဲ့ ဘာသာရပ်ကတော့ Civil ဘာသာရပ် ဖြစ်ပါတယ်။ အခုလို ဂုဏ်ပြုဆုချီးမြှင့်တဲ့ပွဲမှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါတယ်။ နောက်နှစ်တွေမှာဖြေဆိုကြမယ့် မောင်လေး၊ ညီမလေးတွေကိုလည်း စာကို တစ်နေ့စာ တစ်နေ့ ပုံမှန်လေ့လာမှတ်သားဖို့၊ မတွန့်မဆုတ် ကြိုးစားသွားဖို့ အကြံပြုလိုပါတယ်။

**မပိုးအင်ကြင်း (ငါးဘာသာဂုဏ်ထူးရှင်၊ အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်မအနေနဲ့ အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားတဲ့အတွက် ဒီကျောင်းကို တက်ရောက်ဖြစ်ခဲ့တာပါ။ ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုကို ထိုက်ထိုက်တန်တန် အသိအမှတ်ပြုပြီး ဂုဏ်ပြုပေးတဲ့အတွက် အင်မတန် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အခုလို ဂုဏ်ပြုပွဲ ကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ အနာဂတ်မှာ မြို့ပြအင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်ပါတယ်။

**ဒေါ်ဝါဝါလွင် (ကျောင်းအုပ်ဆရာမကြီး၊ အမှတ်(၂၀)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)**

ဒီနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းရဲ့ ပထမဆုံးတက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ စက်မှုဘာသာရပ်ကနေ Top 1၊ Top 7 နဲ့ Top 9 ဆိုပြီး သုံးဦး ထွက်ပေါ်ခဲ့သလို မွေးမြူရေးဘာသာရပ်ကနေလည်း Top 1 နဲ့ Top 10 ဆိုပြီး နှစ်ဦး ထွက်ပေါ်ခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အဆင့် ၁ ကနေ ၁၀ အတွင်းမှာ ကျွန်မတို့ကျောင်းကနေ စုစုပေါင်း ငါးဦး ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒီလို ရလဒ်ထွက်ပေါ်အောင် ကျွန်မတို့ဆီမှာရှိတဲ့ ပေါင်းစပ်ဌာနတွေက ဆရာ ဆရာမတွေကပါ လိုအပ်ချက်မှန်သမျှကို အနီးကပ် အားသွန်ခွန်စိုက် သင်ကြား ပြသပေးခဲ့ပါတယ်။ အခုလိုမျိုး နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလိုထူးချွန်သူတွေကို ထိုက်တန်စွာဆုချီးမြှင့်ခံရတဲ့ ပုံရိပ်တွေကို တွေ့မြင်ရတဲ့အခါ ကျောင်းသားကျောင်းသူတွေအနေနဲ့ ကြိုးစားချင်စိတ်တွေ ပိုမိုထက်သန်လာကြတယ်။

တွေ့ဆုံမေးမြန်း - အောင်ဂျိုင်း
ဓာတ်ပုံ - ဘိုပြည့်စုံ

# ကျုံပျော်ခရိုင်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



ပုသိမ် စက်တင်ဘာ ၁၂

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးဖြစ်ပွားခဲ့သည့် ကျုံပျော်ခရိုင်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး ရေပြန်လည်ကျဆင်း၍ မိမိတို့နေရပ်တွင် ပြန်လည်နေထိုင်ကြမည့် ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားကာ ဆန်ရိက္ခာ၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့အတူ ကျုံပျော်မြို့ ပင်လုံရပ်ကွက် ဘုရားကြီးလမ်းနှင့် သောင်တန်းလမ်းတို့၌ ရေပြန်လည်ကျဆင်း၍ မိမိတို့၏နေအိမ်များတွင် ပြန်လည်နေထိုင်သော ရေဘေးသင့် ပြည်သူများနှင့် ဖိုးထောင့်ကျေးရွာတွင် ရေပြန်လည်ကျဆင်း၍ နေအိမ်များတွင် ပြန်လည်နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆန်ရိက္ခာ၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ သောင်ရွာကျေးရွာ အုပ်စု ဒါးကချောင်းမှတစ်ဆင့် ရေဆင်းလမ်းကြောင်း ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရေကြည်မြို့ မိုးလုံလေလုံအားကစားရုံရှိ ရေဘေးသင့်ပြည်သူများနှင့် ဗထူးရပ်ကွက် ပန်းတိမ်တန်းလမ်း အတွင်း ရေပြန်လည်ကျဆင်း၍ မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်ကြသော ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ငသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံတွင် ရေပြန်လည်ကျဆင်းသဖြင့် ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ငသိုင်းချောင်းမြို့ အောင်ဆန်းရပ်ကွက် သူရလွင်လမ်းတွင် ရေပြန်လည်ကျဆင်း၍ နေအိမ်များသို့ ပြန်လည်နေထိုင်ကြသော ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ပြီး ရေပြန်လည်ကျဆင်း၍ ဈေးဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြောင်းမြမြို့၌ ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံပွဲကျင်းပ

မြောင်းမြ စက်တင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်တို့မှ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်တင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ၊ ရိက္ခာများပေးအပ်



ဘားအံ စက်တင်ဘာ ၁၂

ကရင်ပြည်နယ် ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ဆန်၊ ဆီ၊ ရိက္ခာများကို ကရင်ပြည်နယ်အစိုးရအဖွဲ့က ယနေ့တွင် သွားရောက်ပေးအပ်သည်။

အဆိုပါ ပြည်သူများအတွက် ဆန်၊ ဆီ၊ ရိက္ခာများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ပေးအပ်ပြီး ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့က ယာယီပြောင်းရွှေ့အိမ်ထောင်စု ၄၂၃ စု၊ လူဦးရေ ၁၅၄၂၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သားနှုန်း ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ် အတွင်း အိမ်ထောင်စု ၁၂၁၇၈ စု၊ လူဦးရေ ၄၉၀၃၃ ဦး ယာယီနေရပ်စွန့်ခွာပြောင်းရွှေ့ နေထိုင်လျက်ရှိပြီး စက်တင်ဘာလအထိ ဘားအံမြို့နယ်အတွင်း ပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စု ၄၂၃ စုအတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီရိက္ခာပေးအပ်မှုအနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ဆန် ၃၆၉၇ အိတ်၊ ဆီ ၁၂၆၆၆ လီတာနှင့် ခေါက်ဆွဲခြောက် ၇၆၁ ဖာအထုပ် ၂၀၊ ၂၀၂၄ ခုနှစ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက လူတစ်ဦးလျှင် ဆန်တစ်ဘူးခွဲနှုန်းဖြင့် သုံးလစာ ဆန်ရိက္ခာ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ပြည်နယ်အစိုးရအဖွဲ့တို့က အိမ်ထောင်စု တစ်စုလျှင် ဆန်ငါးပြည်၊ ဆီတစ်ပိဿာ၊ ကြက်ဥ အလုံး ၂၀၊ APTERR အစီအစဉ်ဖြင့် လူတစ်ဦးလျှင် သုည ဒသမ ၅ ကီလိုဂရမ်နှုန်းဖြင့် ၁၄ ရက်စာ ဆန်ရိက္ခာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့၌ ဇီဝမှိုသတ်ဆေးထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် Green Tricho ဇီဝမှိုသတ်ဆေးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဇီဝနည်းပညာသုတေသနဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ဦးစွာ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး Mycology Lab မှ ညွှန်ကြားရေးမှူး(တာဝန်ခံ)က နေကြာမင်း စိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးသန်းထွန်းထံသို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အကျိုးပြုဇီဝမှိုအမြောက်အမြားမွေးမြူခြင်း ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**




# သထုံမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ဆန်ထောက်ပံ့ပေးအပ်

သထုံ စက်တင်ဘာ ၁၂

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ် ၃ (၂၀၂၅)ဖြင့် ဆန် ၁ ဒသမ ၉၈၈ တန် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒူးရင်းဆိပ်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရေဘေးသင့်ပြည်သူတစ်ဦးထံ ဆန်ရိက္ခာ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၆၄ စုမှ ပြည်သူ ၂၈၄ ဦးတို့ထံ ဆန်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ပညာရဲရင့်
ပွဲလယ်တင့်
✤
ပညာရှေ့အိုး
လူမခိုး

# ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာ များအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့ တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွား လျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ် နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီး များချခြင်း၊ မျောတုတ်တန်းများ အတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန် ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများ ကို စက်ယန္တရားများနှင့် လုပ်အားစု များ အသုံးပြု၍ အင်တိုက် အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိ သည်။

ထို့ပြင် ရေပြန်လည်ကျဆင်း သွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များ ရှိဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများ တွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများ ရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက် ဖွယ်ရာများ လိုက်လံပို့ဆောင်ပေး ခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကို အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်ပေး ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင် ရွက်ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်း ကျေးရွာအနီး ညောင်တုန်းကျွန်း တာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီ မြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက် ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။

ထိုသို့ တာကိုယ်ထည်တိုက်စား ခံရမှုအပေါ် ယာယီကာကွယ်နိုင် ရန်အတွက် တာကိုယ်ထည် တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာ အား ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ Steel Cable Groyne (သံမဏိ ကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန် မြှင့် ဆက်လက်ဆောင်ရွက်လျက် ရှိသည်။

**ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန် ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ဟင်္သာတမြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**ဟင်္သာတ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်သည် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း ရေပြန်လည်ကျဆင်းသွားသည့် ကျေးရွာများသို့ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိ သည့် လဟာပကျေးရွာသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိပြီး မြို့နယ်ဦးစီး မှူးနှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် တွင်းနက်စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ခြင်း ဆောင်ရွက်ရန် လို၊ မလို ပဏာမစစ်ဆေးခဲ့ပြီး ဆောင်ရွက်ရန်လိုအပ်သော တွင်းဆေးခြင်း၊ တွင်းမှုတ်ခြင်းလုပ်ငန်းများ နှင့် ကျေးရွာရှိ လက်တူးတွင်းများ ရေစုပ်ထုတ်ရန်လိုအပ်ပါက ရေစုပ် ထုတ်ခြင်းများ ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **ခရိုင်(ပြန်/ဆက်)**



# ခန္တီးမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းမိတ်ဆက်

**ခန္တီး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကတိုးကျေးရွာတွင် ယမန်နေ့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ပြုလုပ်သည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဒေါ်ထက်ဥမ္မာခင်က စီမံကိန်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ရှိသူများက စီမံကိန်းနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင် အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြား သည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် သိန်း ၁၅၀ ဖြင့် ကတိုးကျေးရွာ၌ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာလုပ်ငန်းအဖွဲ့ခုနစ်ဦးအား အများ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်း လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ် ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့နံနက် မှ စက်တင်ဘာ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည် နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်း ကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသောတိမ်တိုက် များကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင် ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင် သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) ၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ



**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) (ဘုရင့်နောင်)၊ အောင်သရဖူကိုယ်ပိုင် အထက်တန်းကျောင်း၊ ရိုးမရတနာကိုယ်ပိုင်အထက်တန်းကျောင်းနှင့် Bright Golden Future ကိုယ်ပိုင်အလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ရင်တွင်းစကားသံများကို လည်း ယခုကဲ့သို့ ကြားသိခဲ့ရသည် -



ပထမတစ်ခါက် လာရောက်လေ့လာတုန်းက ငယ်သေးတဲ့အတွက်ကြောင့် ဒီတိုင်းပဲ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး ပတ်ကြည့်ပြီးတော့ ပြန်သွားခဲ့တာပါ။ အခုတစ်ခါက်ကျတော့ သေသေချာချာလေး လေ့လာဖြစ်ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးတွေနဲ့ ကြီးကြပ်ပေးတဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလို လာရောက်လေ့လာရတဲ့အတွက်လည်း ဗဟုသုတတွေ အများကြီးရရှိလို့ ဝမ်းသာပျော်ရွှင် ကျေနပ်အားရမိပါတယ်။ မြန်မာနိုင်ငံကို အကျိုးပြုခဲ့တဲ့ သူရဲကောင်းတွေ၊ အသုံးပြုခဲ့တဲ့ ပစ္စည်းအကြောင်းတွေကို လေ့လာခွင့်ရတဲ့အတွက် စိတ်ထဲမှာပျော်ရွှင်ပါတယ်။ သိရှိခွင့်ရတဲ့အတွက်လည်း ကျေနပ်မိပါတယ်။ ကိုယ်ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံကို အကျိုးပြုတဲ့ သူတစ်ယောက် ဖြစ်ချင်ပါတယ်။



လာရောက် လေ့လာရတဲ့အတွက် ပျော်ပါတယ်။ သူငယ်ချင်းတွေနဲ့ အတူတူလာရတဲ့အတွက်လည်း ပျော်ပါတယ်။ စာအုပ်ထဲမှာပဲ တွေ့မြင်ရတာမဟုတ်ဘဲနဲ့ လက်တွေ့ အပြင်မှာတွေ့ရတာ ဖြစ်တဲ့အတွက်လည်း စိတ်လှုပ်ရှားမိပါတယ်။ အခုလိုမျိုး ကျောင်းသားကျောင်းသူတွေကိုလာရောက်လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးတွေနဲ့ အန္တရာယ်တစ်စုံတစ်ခု မဖြစ်အောင် လိုက်လံစောင့်ရှောက်ပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၁၂

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ ဇေယျာသီရိခန်းမ၌ ကျင်းပသည်။



စကားဝိုင်း ဆွေးနွေးပွဲတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ခရိုင်ကျေးလက်လမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးတို့က ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ သိလိုသည့် မေးမြန်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးသက်လွင်ဦးဆောင်သော တပ်ဖွဲ့ဝင်/ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များက မကွေးမြို့ မြသလွန်စေတီတော်ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



(၆၂) မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုး၊ မီးရထားရဲတပ်ဖွဲ့ခွဲ - ၄ ဒုတိယရဲမှူးကြီး အောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ထွန်းဦးတို့က ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ အမှတ်(၃/၅/၈/၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ရာ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး မျိုးမင်းနှင့် အမှတ်(၆)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ပြည့်ဖြိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်စဉ်။ အောင်မြင့်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးဝဏ္ဏ၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လာမည့် နိုဝင်ဘာလရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန် ကိုယ်စားလှယ်လောင်းများအား မဲပေးကြရန် တိုက်တွန်း



ဝါရှင်တန် စက်တင်ဘာ ၁၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လာမည့် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန် ကိုယ်စားလှယ်လောင်းများအား မဲပေးကြရန် ၎င်း၏ ထောက်ခံအားပေးသူများကို တိုက်တွန်းပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံရှိ ရီပတ်ဘလစ်ကန် ပါတီဝင်များက သက်တမ်းဝက်ရွေးကောက်ပွဲဆိုင်ရာ ညီလာခံတစ်ခုအတွက် တက္ကဆက်ပြည်နယ် ဒါးလက်စ်မြို့၌ စုဝေးခဲ့ကြသည်။

အဆိုပါနှစ်ရက်ကြာ စုဝေးပွဲအခမ်းအနား၌ သမ္မတ ထရမ့်က မိန့်ခွန်းပြောကြားခဲ့သည်။

ရီပတ်ဘလစ်ကန်များ အနိုင်မရရှိပါက အမေရိကန်ပြည်သူများအနေဖြင့် ၎င်းတို့၏ နယ်စပ်လုံခြုံရေး၊ အခွန်လျှော့ချမှုများ၊ ဘေးကင်းလုံခြုံမှုနှင့် စည်းစိမ်ဥစ္စာများကို ဆုံးရှုံးရမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်၏ အနာဂတ်ကို ဒီမိုကရက်များထံ အပ်နှံလိုက်မည်ဆိုပါက အမေရိကန်နိုင်ငံသည် နောက်ထပ်ဆယ်စုနှစ်တစ်ခုလုံးကို ပြန်လည်နာလန်ထူရန် ကြိုးစားရုန်းကန်ရမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ထို့ပြင် ရီပတ်ဘလစ်ကန်များက လွှတ်တော်အမတ်အရေအတွက် အများဆုံး ဆက်လက်ထိန်းထားနိုင်မည်ဆိုပါက အမေရိကန်ပြည်ထောင်စုရှိ အရွယ်ရောက်ပြီး နိုင်ငံသားတိုင်းကို ဒေါ်လာ ၅၀၀၀ ပမာဏရှိသော အကျိုးခံစားခွင့်ငွေတစ်ရပ်ကို ဖန်တီးပေးမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ကတိပြုပြောကြားခဲ့သည်။

၎င်းအစီအစဉ်ကို "ထရမ့်၏ အကျိုးခံစားခွင့်ငွေ" အဖြစ် ထရမ့်က ပြောကြားခဲ့သည်။ သို့သော် မဲပေးမှုအပေါ် သက်ရောက်မှုရှိစေမည့် ငွေကြေးသုံးစွဲမှုများကို ဖက်ဒရယ်ဥပဒေများက တားမြစ်ထားသည့်အတွက် ၎င်းကိစ္စရပ်သည် ဥပဒေဆိုင်ရာ မေးခွန်းထုတ်စရာများ ဖြစ်လာနိုင်ကြောင်း သည်နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ပြီးခဲ့သော ဩဂုတ်လက အပူဆုံးလအဖြစ် စံချိန်တင်ခဲ့သည့်လနှင့်တူညီသော အပူချိန်ပမာဏကို မှတ်တမ်းတင်

ပါရီ စက်တင်ဘာ ၁၂

ပြီးခဲ့သော ဩဂုတ်လသည် ကမ္ဘာတစ်ဝန်း မှတ်တမ်းတင်ထားသမျှတွင် အပူဆုံးလအဖြစ် စံချိန်တင်ခဲ့သည့် လနှင့်တူညီသော အပူချိန်ပမာဏကို မှတ်တမ်းတင်ခဲ့ကြောင်း ဥရောပသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်။



ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့က ယမန်နေ့တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ယခုနှစ် ဩဂုတ်လအတွင်း ကမ္ဘာ့ပျမ်းမျှ မြေပြင်လေထုအပူချိန်မှာ ၁၆ ဒသမ ၈၆ ဒီဂရီ ဆဲလ်စီးယပ်စ် ရှိခဲ့ပြီး ၎င်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် မှတ်တမ်းတင်ခဲ့သည့် အမြင့်ဆုံးအပူချိန်စံချိန်နှင့် တူညီနေကြောင်း ဖော်ပြထားသည်။

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ပါရီသဘောတူညီချက်တွင် ကမ္ဘာ့အပူချိန်မြင့်တက်မှုကို စက်မှုခေတ်မတိုင်မီကာလ အခြေအနေထက် ၁ ဒသမ ၅ ဒီဂရီထက် မပိုစေရေး ကြိုးပမ်းဆောင်ရွက်ရန် ကတိကဝတ်ပြုထားသည်။ သို့သော် ပြီးခဲ့သည့်လတွင် ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁ ဒသမ ၆၅ ဒီဂရီအထိ မြင့်တက်ခဲ့သည်။

ယခုနှစ် ဇွန်လမှ ဩဂုတ်လအထိ ကာလအတွက် အနောက်ဥရောပ၏ သုံးလတာ ပျမ်းမျှအပူချိန်မှာ ၁၉၉၁-၂၀၂၀ ကာလ ပျမ်းမျှအပူချိန်ထက် ၂ ဒသမ ၅၄ ဒီဂရီ ပိုမိုမြင့်မားခဲ့သည်။ အဆိုပါပမာဏသည် ၂၀၀၃ ခုနှစ် နွေရာသီကာလက မှတ်တမ်းတင်ခဲ့ဖူးသည့် စံချိန်ဟောင်းထက် ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ကမ္ဘာတစ်ဝန်းရှိ လူ့အသိုင်းအဝိုင်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဂေဟစနစ်များက ပိုမိုသိသာထင်ရှားစွာ ခံစားလာနေရပြီဖြစ်ကြောင်း ဥရောပ အလတ်စားကာလ မိုးလေဝသ ခန့်မှန်းရေးစင်တာမှ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ တွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်

ပေကျင်း စက်တင်ဘာ ၁၂

နယူးဒေလီမြို့၌ ကျင်းပမည့် (၁၈) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးကာလအတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့အကြား တွေ့ဆုံဆွေးနွေးပွဲတစ်ခု ပြုလုပ်နိုင်ရေးအတွက် တရုတ်နှင့် အိန္ဒိယတို့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ ပြောကြားခဲ့သည်။

ကာဇန်နှင့် တီယန်ဂျင်းမြို့တို့တွင် တွေ့ဆုံခဲ့ကြပြီးနောက် ရှီနှင့် မိုဒီတို့အကြား တွေ့ဆုံမှုပြုလုပ်သည့် တတိယမြောက်နှစ်အဖြစ် အဆိုပါတွေ့ဆုံမှုက မှတ်တမ်းဝင်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦး၏ မဟာဗျူဟာမြောက် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်၊ နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက်နှင့် ရေရှည်ရှုထောင့်မှ ဖော်ဆောင်ရန်၊ ဆက်သွယ်ပြောဆိုမှုများကို ခိုင်မာအားကောင်းစေရန်၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ရန်နှင့် ကွဲပြားခြားနားချက်များကို သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းရန်တို့အတွက် အိန္ဒိယနိုင်ငံနှင့် လက်တွဲလုပ်ဆောင်ရန် တရုတ်နိုင်ငံအနေဖြင့် အသင့်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြောက်ကိုရီးယား အမျိုးသားဘောလုံးအသင်း ဂျပန်နိုင်ငံသို့ ရောက်ရှိ



တိုကျို စက်တင်ဘာ ၁၂

အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြောက်ကိုရီးယား အမျိုးသားဘောလုံးအသင်းက ဂျပန်နိုင်ငံသို့ယမန်နေ့က ရောက်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို ယခုလနှောင်းပိုင်းတွင် နာဂိုယာမြို့၌ စတင်ကျင်းပမည်ဖြစ်သည်။

ကစားသမားများနှင့် တာဝန်ရှိသူ စုစုပေါင်း ၃၀ ခန့် လိုက်ပါလာသော လေယာဉ်သည် စက်တင်ဘာ ၁၁ ရက်တွင် အိုဆာကာစီရင်စုရှိ ကန်ဆိုင်း နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ ၎င်းတို့သည် ပေကျင်းမြို့မှတစ်ဆင့် ခရီးနှင်လာခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံရှိ ကိုရီးယားလူမျိုးများအသင်းမှ တာဝန်ရှိသူများနှင့် အခြားသူများက မြောက်ကိုရီးယားအမျိုးသား ဘောလုံးအသင်းအား ကြိုဆိုခဲ့သည်။ ၎င်းတို့က ပန်းရောင်ကော်လံစည်းနှင့် အဖြူရောင်ဂျာကင်အင်္ကျီများကို ဝတ်ဆင်ကာ လေဆိပ်ဝင်ပေါက်ခန်းမမှတစ်ဆင့် ဖြတ်သန်းလာခဲ့ကြသည်။

မြောက်ကိုရီးယား အားကစားအသင်းတစ်သင်းသည် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဂျပန်နိုင်ငံသို့ နောက်ဆုံးအကြိမ်လာရောက်ခဲ့ဖူးသည်။

ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသားများ ဝင်ရောက်ခွင့်ကို အခြေခံအားဖြင့် တားမြစ်ထားသော်လည်း အားကစားသမားများအတွက်မူ ခြွင်းချက်ပြုလုပ်ထားသည်။

မြောက်ကိုရီးယားသည် အာရှအားကစားပြိုင်ပွဲအတွက် အားကစားနည်း ၁၅ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လူဦးရေ ၁၈၀ ခန့်ကို ဂျပန်နိုင်ငံသို့ စေလွှတ်ရန် စီစဉ်ထားသည်။ ယခု အမျိုးသား ဘောလုံးအသင်းမှာ ပထမဆုံး ရောက်ရှိလာသည့် အသင်း ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်တွင် စတင်မည်ဖြစ်ပြီး အောက်တိုဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ၉/၁၁ တိုက်ခိုက်မှုတွင် သေဆုံးခဲ့ပြီး မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရသေးသူများကို ဖော်ထုတ်နိုင်ရန် ခေတ်မီနည်းပညာသစ်များ စတင်အသုံးပြု

ဝါရှင်တန် စက်တင်ဘာ ၁၂

နယူးယောက်မြို့တော်က ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင် သေဆုံးခဲ့ပြီး မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရသေးသူများကိုဖော်ထုတ်နိုင်ရန် ခေတ်မီနည်းပညာသစ်များ စတင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

၉/၁၁ တိုက်ခိုက်မှုများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးစင်တာ၌ လူပေါင်း ၂၇၅၃ ဦး သေဆုံးခဲ့သည်။ ၂၅ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သေဆုံးသူ ၁၀၉၉ ဦး (စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်) မှာ မည်သူမည်ဝါဖြစ်ကြောင်း ယခုတိုင် အတည်မပြုနိုင်သေးပေ။

နယူးယောက်မြို့တော် ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးရုံးမှ အထူးအဖွဲ့တစ်ဖွဲ့သည် တိုက်ခိုက်မှုဖြစ်ပွားရာနေရာမှ ရရှိထားသော ရုပ်အကြွင်းအကျန်များမှ ဒီအင်န်အေကို ထုတ်ယူနိုင်သည့် နည်းပညာသစ်များကို အသုံးပြု၍ သေဆုံးသူများ၏ အထောက်အထားကို ဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မျိုးရိုးဗီဇဆိုင်ရာ စုံစမ်းစစ်ဆေးမှုနည်းလမ်းများကို ပေါင်းစပ်အသုံးပြုသည့် နည်းလမ်းတစ်ခုဖြင့် သေဆုံးသူတစ်ဦး၏ အထောက်အထားကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည်။

သေဆုံးသူများ၏အထောက်အထားကိုဖော်ထုတ်ရန်နှင့် ၎င်းတို့၏ သတင်းအချက်အလက်များကို စောင့်စားနေကြသော မိသားစုများအတွက် အဖြေပေးနိုင်ရန် ရရှိနိုင်သမျှ သိပ္ပံနည်းကျ ကိရိယာအားလုံးကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးရုံးက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ကျန်းမာရေး ဝေးသည်မရှိ

နန္ဒဝင်း(ဆေး - ၁)

**နိုင်ငံ့ဝန်ထမ်းဆရာဝန်အဖြစ် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သော ဆယ်စုနှစ်သုံးခုစာ မရှိတရှိကာလများတွင် နှစ် ၂၀ မျှသည် ကျေးလက်ဒေသများတွင်သာ တာဝန်ကျခဲ့ပါသည်။ ရောက်ရာအရပ်အသီးသီးမှ ကျေးလက်ဒေသခံပြည်သူများနှင့် ရင်းနှီးခဲ့သူပီပီ ထိုပြည်သူများ၏ လိုအပ်ချက်အတော်များများကို သိမြင်နားလည်ဖြေရှင်းပေးနိုင်ခဲ့သလို သူတို့၏လိုအင်ဆန္ဒများကိုလည်း အမြဲနားထောင် သိရှိခဲ့ရပါသည်။**

> **သွေးတိုးရောဂါရှိသူက မိမိသွေးပေါင်ကို ပုံမှန်တိုင်းတာသိရှိထားခြင်း၊ ဆီးချိုရှိသူက အစားအသောက်နှင့် ဆေးဝါးကို မှန်ကန်စွာစီမံခြင်း၊ မိခင်တစ်ဦးက ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၏ အရေးပါမှုကို သိရှိခြင်း၊ မိဘများက ကလေး၏ကာကွယ်ဆေးကို အချိန်မီထိုးပေးခြင်း၊ မိသားစုတစ်စုက အန္တရာယ်ရှိသော အစားအစာနှင့် မသန့်ရှင်းသောရေကို ရှောင်ရှားခြင်းတို့သည်လည်း ဆေးပညာ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်**

တောင်တန်း၊ မြေပြန့်၊ တိုင်းရင်းသားလူမျိုး၊ နေရာဒေသကွဲပြားသွားသော်လည်း အတော်များများ၏ တူညီသောလိုအင်မှာ မိမိတို့ရွာ၊ မိမိတို့ဒေသတွင် အပိုင်ဆေးခန်း၊ ဆေးရုံများ ရှိလိုကြခြင်းပင်ဖြစ်ပါသည်။ စည်ကား၍ လူဦးရေ အိမ်ခြေတိုးပွားလာလျှင်သို့မဟုတ် ရွာမှ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများတွင် ထင်ပေါ်ကျော်ကြားသူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာခဲ့ပါလျှင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါက ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုတော့ စတင်တောင်းဆိုတတ်ကြပါသည်။

**"ရွာမှာ ဆရာမ လိုတယ်၊ ဆရာမတစ်ယောက် အထိုင်ချတဲ့ ဆေးခန်းလိုတယ်"** ဆိုသည်က တောင်းဆိုမှုများ၏အစဖြစ်သည်။ ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီးပါကလည်း ထို့ထက်အဆင့်မြင့်သော ကျေးလက်ကျန်းမာရေးဌာနသို့မဟုတ် တိုက်နယ်ဆေးရုံအဆင့်သို့ တိုးကာ တောင်းလိုကြပြန်ပါသည်။ ဟိုဘက်ကရွာမှာ ဆေးရုံရှိတယ်၊ ငါတို့ရွာမှာလည်း ရှိရမယ်ဆိုသော လိုအင်များ၊ မြေလှူမယ်၊ ဝိုင်းဆောက်မယ် ကျန်းမာရေးမှူးသို့မဟုတ် ဆရာဝန်ရပြီးရောဟူသော ဖြစ်ချင်လိုစိတ်များသည် မြန်မာပြည်တစ်နံတစ်လျား ထပ်ကာထပ်ကာကြားရသော၊ တွေ့ကြုံရသော မရိုးနိုင်သည့်ပြည်သူ့လိုအင်များ ဖြစ်ခဲ့ပါသည်။ ကျန်းမာရေးဝေးသည်မရှိဆိုသည့်စကား ဆရာလည်း ကြားဖူးတာပဲဆိုသည့် အချီးစကားများက ကျွန်တော့်နားဝယ် ခတ်ပြားဟောင်းသဖွယ်ဖြစ်ခဲ့ပါသည်။

> **ကျန်းမာရေးအသိရှိသော မိသားစုဆိုသည်မှာ ဆေးဘက်ဆိုင်ရာပညာရှင်များဖြစ်ရန် မလိုအပ်ပါ။ သို့သော် ရောဂါ၏အစောပိုင်းလက္ခဏာကို သိရှိခြင်း၊ အန္တရာယ်ရှိသောလက္ခဏာများကို ခွဲခြားနိုင်ခြင်း၊ မည်သည့်အချိန်တွင် ကျန်းမာရေးဌာနသို့ သွားရမည်ကိုသိခြင်း၊ ဆေးဝါးကို မိမိသဘောဖြင့် မသောက်ခြင်း၊ အာဟာရပြည့်ဝသောအစားအစာကို ရွေးချယ်နိုင်ခြင်း၊ ကာကွယ်ဆေး၏အရေးပါမှုကို နားလည်ခြင်း၊ သန့်ရှင်းသောရေနှင့် သန့်ရှင်းသောအစားအစာ၏ အရေးပါမှုကိုသိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာသော နေထိုင်မှုပုံစံကို ကျင့်သုံးခြင်းတို့ကိုလိုက်နာ**

## လူထုနှင့် ကျန်းမာရေးက တကယ်ပဲ နီးစပ်လာပြီလား

ဆိုရပါလျှင် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဌာနများ တိုးချဲ့ခြင်း၊ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများ ပိုမိုဖြည့်ဆည်းပေးခြင်းစသော ကျန်းမာရေးဝန်ဆောင်မှုများကို လူထုနှင့် နီးစပ်လာစေခြင်းသည် ကောင်းမွန်သော လုပ်ရပ်တစ်ခုဟုဆိုနိုင်ပါသော်လည်း ဆေးရုံကို လူထုနှင့် နီးအောင်လုပ်ပေးရုံနှင့် ကျန်းမာရေးက တကယ်ပဲ နီးစပ်လာပြီလားဟူသောမေးခွန်းသည် ကျွန်တော့်ဘာသာ အမြဲစိစစ်နေမိသောမေးခွန်းတစ်ခုဖြစ်ခဲ့ပါသည်။

ကျန်းမာရေးဆိုသည်မှာ ဆေးရုံတံခါးဝတွင် စတင်သည်မဟုတ်ပါ။ လူတစ်ဦး၏ ကျန်းမာရေးသည် မိမိနေထိုင်ရာအိမ်၊ မိသားစု၊ အစားအစာ၊ သန့်ရှင်းရေး၊ နေထိုင်မှုပုံစံနှင့် နေ့စဉ်အလေ့အကျင့်များမှ စတင်ပါသည်။ ထို့ကြောင့် **"ကျန်းမာရေး ဝေးသည်မရှိ"** ဆိုသည်မှာ ဆေးရုံသည် မိမိတို့အိမ်နှင့်နီးလာခြင်းမျှသာမဟုတ်ပါ။ ကျန်းမာရေးအသိသည် အိမ်တိုင်း၏ မိသားစုများအတွင်းသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

## အသိတရားမဝေးစေရေးက အဓိက

တိုက်နယ်ဆရာဝန်ဘဝက တွေ့ကြုံဖူးသော အတွေ့အကြုံအရ တစ်ရက်တည်းတွင် ရွာနီးချုပ်စပ် မလှမ်းမကမ်းရွာနှစ်ရွာမှ လူနှစ်ဦး မရှေးမနှောင်း၊ အချိန်မတိမ်းမယိမ်းတွင် မြွေပွေးကိုယ်စီ အကိုက်ခံရလေသည်။ အကိုက်ခံရချိန်ရော ဆေးရုံနှင့် အကွာအဝေးရော တူသော်လည်း ပထမလူနာမှာ မြွေပွေးကိုက်ခံရပြီး နှစ်နာရီအတွင်း ဆေးရုံသို့ ရောက်ရှိလာကာ မြွေဆိပ်ဖြေဆေးထိုးခွင့် အချိန်တိုတိုအတွင်း ရခဲ့ပါသည်။ နောက်တစ်ဦးမှာ မြွေကိုက်ခံရသည်မှာ မကောင်းဆိုးဝါးများ တိုက်ခိုက်ခြင်းကြောင့်ဟု ယုံကြည်သောကြောင့် ပယောဂကုဆရာအား ရှာဖွေပင့်ဖိတ်၍ ပွဲထိုးခြင်း၊ အင်းကိုပြာချ၍သောက်ခြင်း၊ ဒဏ်ရာကိုခွဲစိတ်၍ ဆီမန်းလိမ်းခြင်းတို့ကို အရင်ပြုလုပ်နေပြီး ဆီးထဲ သွေးပါလာကာ မျက်လုံးတွင်း သွေးယိုစိမ့်မှုများ မြင်၍မကောင်းဖြစ်လာပါမှ ဆေးရုံသို့ ရောက်လာခဲ့ပါသည်။

မြွေဆိပ်ဖြေဆေးထိုးခဲ့လည်း ဒုတိယလူနာသည် မြွေဆိပ်များ ကိုယ်တွင်းပျံ့နှံ့ချိန်ကြာမြင့်ခဲ့၍ ကျောက်ကပ်ပျက်စီးကာ ငွေကြေး၊ အချိန်၊ ပူပန်မှုများစွာရင်းနှီးခဲ့ရပြီး လပေါင်းများစွာ အသက်ကိုလုကုခဲ့ရလေသည်။ ပထမလူနာမှာကား မြွေကိုက်ခံရပြီး စတုတ္ထမြောက်နေ့တွင် ဆေးရုံမှ ကိုယ်တိုင်ဆိုင်ကယ်မောင်းကာ ပြန်သွားနိုင်ခဲ့ပါသည်။ ထိုဖြစ်စဉ်ကိုချိန်ဆကြည့်ပါက ကျန်းမာရေးဝေးသည်မရှိစေရေးမှာ ခရီးအကွာအဝေးထက် အသိတရားမဝေးစေရေးက အဓိကဆိုသည်ကို ဖော်ပြနေပေသည်။ ဆေးရုံသည် လူနာ၏အသက်ကို ကယ်တင်နိုင်ပါသည်။ ဆရာဝန်များ၏ ကျွမ်းကျင်မှု၊ သူနာပြုများ၏စောင့်ရှောက်မှုနှင့် ခေတ်မီဆေးပညာတို့သည် ရောဂါဖြစ်ပွားလာသည့်အခါ လူနာအတွက် အလွန်တန်ဖိုးရှိပါသည်။ သို့သော် လူတစ်ဦးသည် ဆေးရုံမရောက်မီ မည်သို့နေထိုင်ခဲ့သနည်းဆိုသည်မှာလည်း အရေးကြီးပါသည်။

**သွေးတိုးရောဂါရှိသူက မိမိသွေးပေါင်ကို ပုံမှန်တိုင်းတာသိရှိထားခြင်း၊ ဆီးချိုရှိသူက အစားအသောက်နှင့် ဆေးဝါးကို မှန်ကန်စွာစီမံခြင်း၊ မိခင်တစ်ဦးက ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၏ အရေးပါမှုကိုသိရှိခြင်း၊ မိဘများက ကလေး၏ ကာကွယ်ဆေးကို အချိန်မီထိုးပေးခြင်း၊ မိသားစုတစ်စုက အန္တရာယ်ရှိသော အစားအစာနှင့် မသန့်ရှင်းသောရေကို ရှောင်ရှားခြင်းတို့သည်လည်း ဆေးပညာ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါသည်။**

ထို့ကြောင့် ကျန်းမာရေးစနစ်၏ အောင်မြင်မှုကို ဆေးရုံအရေအတွက်၊ ဆရာဝန်အရေအတွက်၊ လူနာလက်ခံနိုင်မှု အရေအတွက်တို့ ဖြင့်သာ တိုင်းတာ၍မရနိုင်ပါ။ မိသားစုများကျန်းမာရေး အသိမည်မျှရှိလာကြသနည်း၊ မိမိတို့၏ကျန်းမာရေးကို မည်မျှကိုယ်တိုင်စီမံနိုင်လာကြသနည်းဆိုသည်ကိုလည်း တိုင်းတာရမည်ဖြစ်ပါသည်။

ကျန်းမာရေးအသိရှိသော မိသားစုဆိုသည်မှာ ဆေးဘက်ဆိုင်ရာ ပညာရှင်များဖြစ်ရန် မလိုအပ်ပါ။ သို့သော် ရောဂါ၏ အစောပိုင်းလက္ခဏာကိုသိရှိခြင်း၊ အန္တရာယ်ရှိသော လက္ခဏာများကို ခွဲခြားနိုင်ခြင်း၊ မည်သည့်အချိန်တွင် ကျန်းမာရေးဌာနသို့သွားရမည်ကိုသိခြင်း၊ ဆေးဝါးကို မိမိသဘောဖြင့် မသောက်ခြင်း၊ အာဟာရပြည့်ဝသော အစားအစာကို ရွေးချယ်နိုင်ခြင်း၊ ကာကွယ်ဆေး၏အရေးပါမှုကို နားလည်ခြင်း၊ သန့်ရှင်းသော ရေနှင့် သန့်ရှင်းသော အစားအစာ၏ အရေးပါမှုကိုသိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာသောနေထိုင်မှုပုံစံကို ကျင့်သုံးခြင်းတို့ကို လိုက်နာကြရပေမည်။

ထိုထက်ပို၍ အရေးကြီးသည်မှာ ကျန်းမာရေးသတင်းအမှားနှင့် ကျန်းမာရေးသတင်းမှန်ကို ခွဲခြားနိုင်သော မိသားစုဖြစ်လာရေးဖြစ်သည်။ ယနေ့ခေတ်တွင် ဆေးပညာဆိုင်ရာ သတင်းအချက်အလက်များသည် ဆေးရုံထဲတွင်သာ မရှိတော့ပါ။ လူမှုကွန်ရက်များမှတစ်ဆင့် အမှန်နှင့်အမှား၊ သိပ္ပံနှင့်အယူအဆတို့ ရောနှောပြီး အိမ်တိုင်းသို့ ရောက်ရှိနေပါသည်။ ထို့ကြောင့် ယနေ့ခေတ်ကျန်းမာရေးလုပ်ငန်း၏ အရေးကြီးသောတာဝန်တစ်ရပ်မှာ လူနာကို ကုသပေးခြင်းသာမက ကျန်းမာရေးအချက်အလက်ကို မှန်ကန်စွာနားလည်အသုံးချနိုင်သော ပြည်သူများကို မွေးထုတ်ပေးခြင်း ဖြစ်လာပါသည်။

ကျန်းမာရေးဝန်ထမ်းများသည် အိမ်တိုင်းကို နေ့စဉ်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မည်မဟုတ်ပါ။ သို့သော် အိမ်တိုင်းတွင် **"ကျန်းမာရေးကို သိသူ၊ ကျန်းမာရေးကို ဂရုစိုက်သူ၊ ကျန်းမာရေးအတွက် မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်သူ"** တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ရှိလာအောင် ကျန်းမာရေးစနစ်က ဖန်တီးပေးနိုင်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးသည် ဆေးရုံထဲမှထွက်လာပြီး လူမှုအသိုက်အဝန်းထဲသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။

ကျန်းမာရေးအသိပညာပေးခြင်းသည် အစသာဖြစ်ပါသည်။ အသိရှိလာရုံဖြင့် မလုံလောက်ပါ။ အသိရှိရမည်။ ပါဝင်ရမည်။ တက်ကြွစွာ ဆောင်ရွက်ရမည်။ နောက်ဆုံးတွင် မိမိကျန်းမာရေးကို မိမိတာဝန်ယူရပေမည်။ ထိုအဆင့်ကို ရောက်ရှိလာသောအခါ ကျန်းမာရေးဝန်ဆောင်မှုသည် ပြည်သူအတွက် **"ပေးအပ်ရသော ဝန်ဆောင်မှု"** သက်သက် မဟုတ်တော့ဘဲ **"ပြည်သူကိုယ်တိုင် ပိုင်ဆိုင်သော ကျန်းမာရေးစနစ်"** ဖြစ်လာပါလိမ့်မည်။

## ကျန်းမာရေးအသိရှိသော အိမ်များ၊ မိသားစုများ ပိုလိုအပ်

ကျွန်တော့်အတွေးအရဆိုလျှင် ဆေးရုံများထက် ကျန်းမာရေးအသိရှိသော အိမ်များ၊ မိသားစုများ ပိုလိုအပ်ပါသည်။ ဤအတွေးသည် ဆေးရုံများ မလိုအပ်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ဆေးရုံကောင်းများ လိုအပ်ပါသည်။ ဆရာဝန်ကောင်းများ လိုအပ်ပါသည်။ သူနာပြုကောင်းများ လိုအပ်ပါသည်။ ဆေးဝါးနှင့် နည်းပညာများ လိုအပ်ပါသည်။ သို့သော် ထိုအရာများအားလုံး၏ အကျိုးကျေးဇူးကို အပြည့်အဝရရှိရန် ကျန်းမာရေးအသိရှိသော ပြည်သူတစ်ရပ် ပို၍လိုအပ်ပါသည်။ ဆေးရုံကောင်းတစ်ရုံသည် ထောင်နှင့်ချီသော လူနာများကို ကုသပေးနိုင်ပါသည်။ သို့သော် ကျန်းမာရေးအသိရှိသော မိသားစုတစ်စုသည် ရောဂါများကို ကြိုတင်ကာကွယ်နိုင်ပြီး မျိုးဆက်တစ်ဆက်စာ အကျိုးသက်ရောက်မှုကို ဖန်တီးနိုင်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့၏ ရည်မှန်းချက်သည် ဆေးရုံများ နေရာအနှံ့ အလွယ်တကူ လက်လှမ်းမီရန် တည်ဆောက်ရေးထက် အိမ်တိုင်း ကျန်းမာရေးအသိရှိစေရေးသာ ဖြစ်သင့်ပါသည်။ မိခင်တစ်ဦးက မိမိကလေး၏ အန္တရာယ်လက္ခဏာကို သိရှိနေခြင်း၊ ဖခင်တစ်ဦးက သွေးတိုးကို ပုံမှန်စောင့်ကြည့်နေခြင်း၊ အဘိုးအဘွားများက ဆေးဝါးကို မှန်ကန်စွာ သောက်သုံးနေခြင်း၊ မိသားစုတစ်စုက ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာကို ရွေးချယ်နေခြင်း၊ ကလေးငယ်တစ်ဦးက လက်ဆေးခြင်း၏အရေးပါမှုကို သိရှိနေခြင်း၊ အိမ်တစ်အိမ်က ရောဂါဖြစ်မှ ဆေးရုံသွားရန်မဟုတ်ဘဲ ရောဂါမဖြစ်မီ ကာကွယ်ရန် စဉ်းစားနေခြင်း စသည်တို့ ကိန်းအောင်းလာသော အချိန်တွင် ကျန်းမာရေးသည် ထိုအိမ်နှင့် နီးကပ်နေပြီဟု သေချာဆိုနိုင်ပြီဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေး ဝေးသည်မရှိဆိုသည်မှာ ဆေးရုံကို အိမ်နှင့်နီးအောင် ဆောက်ပေးခြင်းမျှ မဟုတ်ပါ။ ကျန်းမာရေးအသိကို အိမ်တိုင်းသို့ရောက်အောင် ပို့ပေးခြင်းဖြစ်ပါသည်။

ကျွန်တော်တို့တည်ဆောက်လိုသော အနာဂတ်ကျန်းမာရေးစနစ်သည် ဆေးရုံများလက်လှမ်းတမီရှိသောနိုင်ငံ၊ ဆရာဝန်များပြည့်စုံသောနိုင်ငံ၊ သူနာပြုများ အင်ပြည့်အားပြည့် စောင့်ရှောက်ပေးနိုင်သော နိုင်ငံဖြစ်ရုံမျှမက ကျန်းမာရေးကိုနားလည်သော မိသားစုများ၊ ကျန်းမာရေးကိုတန်ဖိုးထားသော လူမှုအသိုက်အဝန်းများ၊ မိမိတို့၏ ကျန်းမာရေးကို မိမိတို့ ပိုင်ဆိုင်တာဝန်ယူသော ပြည်သူများရှိသော နိုင်ငံဖြစ်ရေးပင်ဖြစ်ပါသည်။

ထိုနေ့တွင် **"ကျန်းမာရေး ဝေးသည်မရှိ"** ဆိုသောစကားသည် စကားလုံးတစ်ခုအဖြစ်သာ မဟုတ်တော့ဘဲ အိမ်တိုင်းတွင် ရှင်သန်နေသော ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်အဖြစ် ကျန်းမာကြံ့ခိုင်၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အတွက် အခြေခံဖြစ်လာပေတော့မည်ဟု ယုံကြည်မိပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ရပ်ကွက် / ကျေးရွာပေါင်းစုံအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ဆုချီးမြှင့်



**ထားဝယ် စက်တင်ဘာ ၁၂**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား၊ ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပရာ ဒေသခံပြည်သူလူထုတို့က စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ ဗိုလ်လုပွဲသို့ တက်ရောက်လာသည့် ဘုမ္မော်/သဘော်ဆိပ်အသင်းနှင့် ရှေ့တောအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များနှင့် ဒေသခံ ပြည်သူလူထုတို့က ကြည့်ရှုအားပေးရာ နှစ်ဖက်အသင်းက တစ်ဂိုးစီဖြင့် သရေရရှိနေရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဘုမ္မော်/ သဘော်ဆိပ်အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပွဲစဉ်တစ်လျှောက် တစ်ဦးချင်း အကောင်းဆုံးဆုနှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပထမဆုရရှိသည့် ဘုမ္မော်/ သဘော်ဆိပ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ၅၈ သိန်းကျပ်နှင့်လုပ်ငန်းရှင်များက တစ်ဦးချင်းဆုရရှိသူများနှင့် ဆုရရှိသည့်အသင်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ-လာအို နှစ်နိုင်ငံ U-18 အမျိုးသား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

**တာချီလိတ် စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုအခွန့်ရှည် တည်တံ့ ခိုင်မြဲစေရန်ရည်ရွယ်၍ မြန်မာ-လာအို ချစ်ကြည်ရေး အသင်းမှ ကြီးမှူးကျင်းပသည့် U-18 အမျိုးသားချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်ညနေပိုင်းက တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် မြို့မ အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများက ဘင်ခရာတပ်ဖွဲ့များဖြင့် တီးမှုတ်ဖျော်ဖြေ၍ အကပဒေသာများဖြင့် ကြိုဆိုကြပြီး နိုင်ငံတော်အလံကိုအလေးပြု၍ နိုင်ငံတော်သီချင်းများကို သီဆိုကြသည်။

ထို့နောက် မြန်မာ-လာအို ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌများဖြစ်သည့် ဦးဝင်းမောင်နှင့် Mr. Chanthavong တို့က အမှာစကားပြောကြားပြီး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများနှင့် နည်းပြအဖွဲ့ဝင်များကို တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များမှ တိုင်းရင်းသူ လေးများက လက်ဆောင်ပန်းစည်းများ ပေးအပ်ကြသည်။

ယင်းနောက် နှစ်နိုင်ငံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို စတင် ယှဉ်ပြိုင်ကစားကြရာ မြန်မာချစ်ကြည်ရေး ဘောလုံးအသင်းက လာအိုချစ်ကြည်ရေး ဘောလုံးအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr. Bounphieng Chanthavong၊ မြန်မာ-လာအိုချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမောင်၊ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chanthavong နှင့် တာဝန်ရှိသူများက အနိုင်ရရှိသော မြန်မာချစ်ကြည်ရေးဘောလုံးအသင်းနှင့် ဒုတိယဆုရရှိသော လာအိုချစ်ကြည်ရေး ဘောလုံးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်အထက်ရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်း ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၃၆) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးခြင်းကို ချမ်းမြသာစည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် အထက(၃၆) ကျောင်းအုပ် ဆရာမကြီးတို့က ကြည့်ရှုအားပေးကာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မိုးနဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုး ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လွိုင်မြေရပ်ကွက် ရွှေနှင်းဆီဘုရားဝင်းအတွင်း၌ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ပေါင်မြို့နယ် မုတ္တမကျေးရွာ ကျိုက်ဖျဉ်ကူ ရေးဟောင်းသမိုင်းဝင်စေတီမြတ်ကြီး၌ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဉာဏ်ဝင်း၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကျိုက်မရော(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၂ ရက်က စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းနှင့် ဇနီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနီလာလှနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဒါနကြွက်ဥနှင့် အချိုရည်ဘူးများ ထောက်ပံ့ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

# M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးမှ အား/ကာသိပ္ပံ ဂိုးပြတ်အနိုင်ရ Chinland အသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

၂၀၂၆ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၄) တတိယနေ့ကို စက်တင်ဘာ ၁၂ ရက်က ဆက်လက်ကျင်းပရာ ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရပြီး Chinland အသင်း ပထမဆုံးနိုင်ပွဲ ရရှိခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် Chinland အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဇယားအောက်ဆုံးနှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး Chinland အသင်းက ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့သည်။ Chinland အသင်းသည် ပထမဆုံး နိုင်ပွဲရယူနိုင်သော်လည်း ဇယားအောက်ဆုံးမှာပင် ဆက်ရှိနေပြီး လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ Chinland အသင်းအတွက် ဂိုးများကို သုံးမိနစ်တွင် လွန်ယာဂင်၊ ၁၆ မိနစ်တွင် အောင်မင်းခန့်တို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၉ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူသည်။



Chinland အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ဗဟန်း မြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဧရာဝတီယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိသည်။ ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းကို ငါးမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၁၈၊ ၇၄ မိနစ်တွင် စစ်ငြိမ်းချမ်းဦး၊ ၃၁ မိနစ်တွင် ကောင်းခန့်အောင်၊ ၄၃ မိနစ်တွင် ကောင်းခန့်ကျော်၊ ၆၁ မိနစ်တွင် ချစ်ပိုင်းခန့်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၄) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၃ ရက်တွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - ML**

**❖ နိုင်ငံတကာဖိတ်ခေါ်မှ**

အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ရိုနယ်၊ ၂၆ မိနစ်တွင် ပီတာ၊ ၃၄ မိနစ်တွင် ဗီနီစီးယက်စ်တို့က သွင်းယူသည်။ တတိယလုပွဲတွင် မြန်မာကလပ်နှစ်သင်းတွေ့ဆုံပြီး YCDC Dream Team အသင်းက YRG အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ MIU အသင်းက အမှတ်တရ ဆုဖလားနှင့် ဆုကြေးငွေ ဒေါ်လာ ၅၀၀၊ သွင်းဂိုးအများဆုံးကစားသမားဆုရ YRG အသင်းမှ Nathan က အမှတ်တရဆုနှင့် ဒေါ်လာ ၃၀၀၊ အကောင်းဆုံးဂိုးသမားဆုရ Black Steel Papua အသင်းမှ မူဟာမက်အယ်ဂီရာက အမှတ်တရဆုနှင့် ဆုကြေးငွေ ဒေါ်လာ ၃၀၀၊ အကောင်းဆုံးကစားသမားဆုရ Black Steel Papua အသင်းမှ ပီရီရန်ဘူဒီဝီဘိုဝူက အမှတ်တရဆုနှင့် ဆုကြေးငွေ ဒေါ်လာ ၃၀၀၊ စတုတ္ထဆုရရှိသော YRG အသင်းက ဆုကြေးငွေ ဒေါ်လာ ၁၀၀၀၊ တတိယဆုရ YCDC Dream Team အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေ ဒေါ်လာ ၁၅၀၀၊ ဒုတိယဆုရ MIU အသင်းက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေ ဒေါ်လာ ၂၅၀၀၊ ပထမဆုရ Black Steel Papua အသင်းက တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေ ဒေါ်လာ ၃၅၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို ဆွတ်ခူးရရှိသည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - MFF**

**○ ၂၀၂၆ ခုနှစ်မှ**

ဂျူဒိုအားကစားသမား ငါးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲယနေ့ ပွဲစဉ်များအဖြစ် အမျိုးသား Nage-No-Kata ပြိုင်ပွဲ ပွဲစဉ်များ၊ အမျိုးသမီး Kata ပွဲစဉ်များ၊ တစ်ဦးချင်း အတိုက်ပွဲစဉ်များဖြစ်သည့် အမျိုးသား (-၆၆၊ -၅၅၊ -၉၀၊ -၆၀၊ -၇၃၊ -၈၁၊ +၁၀၀) ကီလိုတန်းပြိုင်ပွဲများ၊ အမျိုးသမီး(-၄၅၊ -၆၃၊ -၇၀၊ +၇၈၊ -၄၈၊ -၅၂၊ -၅၇)ကီလိုတန်းပြိုင်ပွဲများ၏ပတ်လည်ပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ တတိယလု ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အမျိုးသား(-၅၅၊ -၆၀၊ -၆၆၊ -၇၃၊ -၈၁၊ -၉၀၊ -၁၀၀၊ +၁၀၀) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး(-၄၅၊ -၄၈၊ -၅၂၊ -၅၇၊-၆၃၊ -၇၀၊ +၇၈)ကီလိုတန်းပြိုင်ပွဲပတ်လည်ပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ တတိယလု ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသားအတိုက်ပြိုင်ပွဲ (-၅၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဖြိုးမာန်နိုင်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ထန်တန်ပုံ၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဟိန်းတေဇနှင့် ပူးတွဲတတိယဆုရရှိသည့်ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဠဇက်၊ (-၁၀၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ အောင်ပိုင်ခန့်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဇင်မင်းခန့်၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇေယျာသိမ်၊ (-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ထိုက်ထိုက်ကျော်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နိုင်ဟိန်းထက်၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဖွဲ့ဖွဲ့အောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝဏ္ဏထွန်း၊ (-၆၆) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဆက်ပိုင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ကျော်ရွှေ၊ တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇော်ပိုင်ထွန်းနှင့် ပူးတွဲတတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ စိုးနေဦး၊ (-၇၃) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ လရောင်ရှန်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေရှန်မိုးနှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ထူးအံ့လင်း၊ (-၈၁) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ သန့်ဇင်ဝင်းအောင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ချမ်းကိုကို၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ အောင်သန့်ကျော်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ စိုင်းဟုန်ဝမ်းဆိုင်၊ (-၉၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ကျော်ခန့်စိုး၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ စထက်ဝေဖြိုး၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ မုန်ဒူအောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သီဟ၊ (+၁၀၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဇော်လင်းဖြိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ လင်းထက်ဦး၊ အမျိုးသမီး (-၄၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဆောင်ယုံ၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဟန်နီလင်းလက်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန်းပပဇင်နှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အိမ့်ဝတီစိုးနိုင်တို့အားလည်းကောင်း။

(-၄၈)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ မေဇင်ဖြိုး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ တင်ဇာမြင့်၊ တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ယမင်းသူဇာလှိုင်နှင့် ပူးတွဲတတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးအသင်းမှ ခင်ပိုးပိုးအောင်၊ (-၅၂) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ အိအိသဇင်ဇော်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဘန်တောမ်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းပြည့်ခိုင်နှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဇင်လင်းမို၊ (-၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နော်မြတ်နိုးရွှေစင်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ခင်ထွေးထွေးအောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ငွေအိမ်စံ၊ (-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ထက်ထက်လင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ငုချယ်ရီဦး၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စန္ဒာဝင်းနှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ပြည့်ဖူးသွယ်တို့အားလည်းကောင်း။

(-၇၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ တွယ်တာစိုး၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ မြတ်ပန်းနွယ်၊ တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ မေမြတ်မွန်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ စံပယ်နှင်း၊ (+၇၈) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ အေးအေးအောင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ နန်းသဲနုနုစံကို၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ယွန်းဝတီစိုးနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝတ်ရည်ခိုင်၊ အမျိုးသား Nage-No-Kata ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ လရောင်ရှန်နှင့်ကျော်ခန့်စိုးတို့အတွဲ၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သန်းထက်ဦးနှင့် သျှန်ကောင်းဆက်ပိုင်တို့အတွဲ၊ တတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဖြိုးမာန်နိုင်နှင့်ဟိန်းဆက်တို့အတွဲနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်နှင့် အောင်သန့်ကျော်တို့အတွဲအားလည်းကောင်း။

အမျိုးသမီး Ju-No-Kata ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်နှင့်အိအိသဇင်ဇော်အတွဲ၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ တင်ဇာမြင့်နှင့် ဆုရတနာအတွဲ၊ တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ယွန်းသံသာအေးနှင့် ဖြိုးသက်လွင်အတွဲနှင့် ပူးတွဲတတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ငုချယ်ရီဦးနှင့်ယမင်းသူဇာလှိုင်အတွဲတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားအကောင်းဆုံးအားကစားသမားဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်တို့အား Trophy၊ ငွေသားဆုများ၊ အမှတ်တရဂုဏ်ပြုလက်ဆောင်များနှင့် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်ခုနစ်ခုဖြင့် အမျိုးသားတံခွန်စိုက်တတိယဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းအား အမျိုးသားတံခွန်စိုက် တတိယဆုဖလားနှင့် ငွေသားဆု ကျပ်သုံးသိန်းတို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း၊ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် အမျိုးသားတံခွန်စိုက်ဒုတိယဆုဖလားရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား အမျိုးသားတံခွန်စိုက် ဒုတိယဆုဖလား၊ ငွေသားဆု ကျပ်ငါးသိန်းနှင့် ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ်ငါးခု စုစုပေါင်း ဆုတံဆိပ် ၁၃ ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ပထမဆုဖလားရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းအား အမျိုးသားတံခွန်စိုက်ပထမဆုဖလားနှင့် ငွေသားဆု ကျပ် ၁၀ သိန်းတို့ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✪ ONE Friday Fights 170 မှ**

ပထမအချီတွင် နှစ်ဦးစလုံး အကဲစမ်းထိုးသတ်ခဲ့ပြီး ဒုတိယအချီတွင် အမှတ်ရအောင် ထိုးသတ်ခဲ့သည်။ တတိယအချီတွင် သွေးလင်းထက်၏ လက်သီးချက်များ ပိုမိုထိရောက်ခဲ့ပြီး သုံးချီစလုံး အမှတ်ပိုရအောင် ထိုးသတ်နိုင်ခဲ့သည့် သွေးလင်းထက်က အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

သွေးလင်းထက်သည် ONE တွင် ၁၀ ပွဲထိုးသတ်ထားရာ ခြောက်ပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - onefc**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပဦးထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပုတ်သင်ညိုကျေးရွာ၊ ကွင်းအမှတ်(၉၁၈-ဘီ)၊ ကျော်ဇောအရှေ့ကွင်း၊ ဦးပိုင်အမှတ်-(N/၉)၊ ဦးခင်မောင်သွင် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသော ဧရိယာ(၅)ဧကခန့်ရှိသည့် ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်(၁)လုံး၊ ဆိုလာမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးခင်မောင်သွင်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးမြင့်ငွေ(ဘ) ဦးပန်းစိန် [၁၂/လကန(နိုင်)၀၉၃၉၃၈]ထံမှ ကျွန်ုပ် ဒေါ်အေးအေးမွန်(ဘ)ဦးသန့်ဇင်[၅/ကလတ(နိုင်)၀၈၂၅၇၁]က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမွန်**

**ဖုန်း-၀၉-၄၅၆၂၄၁၅၁၄၊ ၀၉-၄၅၁၈၂၀၂၂၄**

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၀၀၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်တင် (TGO- ၁၂၅၃၄၈)နှင့် ဦးသက်ဦး (TGO- ၁၃၂၇၆၆)တို့ထံမှ ဒေါ်ထွန်းထွန်း [၁၂/ပဇတ(ဧည့်) ၀၀၀၃၂၄]က တစ်ဆင့်ပြန်လည်ဝယ်ယူခဲ့ပြီး အဆိုပါအခန်းအား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကိုရရှိသည့် သားဖြစ်သူ ဦးမြင့်အေးအောင် [၁၂/ပဇတ(နိုင်) ၀၃၀၈၀၀]က ဦးအောင်တင်၊ ဦးသက်ဦး အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာ(မူရင်း) ပျောက်ဆုံးကြောင်း အထောက်အထားများတင်ပြ၍ ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ သီရိမင်္ဂလာအိမ်ရာ၊ တိုက်အမှတ်(စီ-၉)၊ အခန်းအမှတ်(၁၀၂)ကို မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မြင့်[၁၂/ဒဂန(နိုင်)၀၁၂၀၂၉]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးမျိုးသိန်းနိုင်[၁၂/သဃက(နိုင်)၀၃၀၃၁၁]နှင့် ဒေါ်အေးအေးမင်း[၁၂/သဃက(နိုင်)၀၀၆၄၁၂]က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့်တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ(၁၄)လမ်း၊ မြေကွက်အမှတ်-၉၉ရ ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်အဆောက်အအုံရှိ မြေညီထပ်(A/ခြေရင်းဘက်ခြမ်း)၊ အကျယ်အဝန်း (အလျား ၁၉ပေ × အနံ၅၄ပေ)၊ အမြင့်-၁ရပေခန့်ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက်ပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ **ဦးအိုက်လုံ(ဘ) ဦးအိုက်အေး၊ (၁၂/ကတတ(နိုင်)၀၂၉၈၈၆)** ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဦးမျိုးသီဟကျော်နှင့်ဦးမျိုးသူရကျော်**တို့မှ တန်ဖိုးငွေအပြည့်အဝပေးချေ၍ လက်ရောက်လွှဲပြောင်းဝယ်ယူပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် **ဦးမျိုးသီဟကျော်နှင့်ဦးမျိုးသူရကျော်**တို့ကသာလျှင် စီမံခန့်ခွဲအကျိုးခံစားခွင့်ရရှိသွားပြီဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ပိုးဧမြင့်ဦး(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃ရ၂၂)**

**ဖုန်း-၀၉ ၄၀၁၅၂၆၈၀၉၊ ၀၉ ရ၈၄၈၄၉၃၅၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၂၁၉)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၁၉)၊ ဓမ္မရာဇာ(၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဝင်းလှိုင်[၁၂/ဥကတ(နိုင်)၀၈၂၆၁၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းလှိုင်မှ ဂရန်၊ နိုင်/ကတ်၊ Obj၊ ဝန်ဆောင်ခတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာမှုအပေါ်စိစစ်ရာ မြေစာရင်းမှတ်ချက်(၂)ရှိ ၂၀၁၆ ခုနှစ် ဘဏ်ချေးမြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဘဏ်ငွေကျေကြောင်း ထောက်ခံစာမူရင်းနှင့် ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းတို့မှာ ဘဏ်မှပြန်လည်ထုတ်ယူခဲ့ပြီးနောက် ၎င်းလက်ဝယ် သိမ်းဆည်းထားရာမှ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်-၇၀၉/၂၀၂၆ (၁၀-၈-၂၀၂၆)တို့ တင်ပြ၍ မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝါဆို၊ မြေကွက်အမှတ်- ၃၈၂၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၉၊ အောင်သရဖူလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးအုန်းလွင်[၁၂/ဒပန(နိုင်)၀၁၃၇၅၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးအုန်းလွင်အပေါ် တရားပြိုင်ထားကာ ဦးသန်းအေးမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၅ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၉-၁၂-၂၀၂၄) ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်-၄၃/၂၀၂၅၏ (၇-၁၁-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ ထုံးပုံကျအပြီးသတ်အမိန့်တာဝန်ခံမိတ္တူမှန်၊ ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး[၁၂/တမန(နိုင်)၀၂၉၅၃၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၆၊ မြေကွက်အမှတ်- ၂၆၂၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်အနက် တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx ၆၀ပေ) [(မြေကွက်အမှတ်- ၂၆၁ နှင့်ကပ်လျက်ခြမ်း (ပါမစ်မူရင်းခြမ်း)]ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၂၆၂၊ ခရေရိပ် (၂)လမ်း၊ (၁၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**တွင် ဦးဆန်း (CF - ၀၃၂၆၆၀) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား (၃၀-၆-၂၀၂၆)ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဒေါ်ဖြူလွင်စိုး [၁၂/တမန(နိုင်)၀၉၅၆၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ပိုင်ဦး[၁/မကန(နိုင်)၁၃၄၇၅၅]မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၏ တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၂၆)**

**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၀၊ မြေကွက်အမှတ် (၈၉၄/က)၊ (၀.၀၃)ဧက၊ မြေကွက်တည်နေရာအမှတ်- ၈၉၄/က၊ ဇမ္ဗူအေး(၂)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးတင်အေး (HGU-၀၅၆၀၄၇)၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်အေး ဖခင်ဖြစ်သူသည် (၂၈-၈-၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်သိန်းမြင့်သည် (၁၇-၁-၂၀၂၄)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သား(၄)ဦးအနက်မှ ဒုတိယသားဖြစ်သူ မောင်ဝင်းတင်သည် (၂၈-၄-၁၉၉၈) ရက်နေ့တွင် အရွယ်မရောက်သေးသည့် အသက်(၁၃)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ ကျန်သားသမီး(၃)ဦးဖြစ်သူ (၁) ဦးမင်းမင်းအောင် [၁၂/ဒဂတ(နိုင်)၀၀၂၈၃၅]၊ (၂) ဦးမောင်သန်း [၁၂/ဒဂတ(နိုင်)၀၇၃၉၃၇]၊ (၃) ဦးတင်ထွေးအောင် [၁၂/ဒဂတ(နိုင်) ၀၆၁၅၈၂]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူသားများဖြစ်ကြောင်း၊ အခြားသားသမီးနှင့် ကိတ္တိမမွေးစားသားသမီးသော်လည်းကောင်း၊ အခြားအမွေစားအမွေခံသားသမီးသော်လည်းကောင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူသား(၃)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၄၁၉/၂၀၂၆ (၁၅-၁-၂၀၂၆)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ မိခင်/ဖခင်သေစာရင်း၊ ကိုဝင်းတင်သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ ဖခင် ဦးတင်အေးသည် ယခင်က ၎င်း၏ အမျိုးသားမှတ်ပုံတင်အမှတ်တွင် (HGU - ၀၅၆၀၄၇) ကိုင်ဆောင်အသုံးပြုခဲ့ပြီးနောက်ပိုင်းတွင် နိုင်ကတ်ဖြစ်သော [၁၂/ဒဂတ(နိုင်) ၁၀၄၀၉၂]သို့ ပြောင်းလဲကိုင်ဆောင်ခဲ့ပါ၍ မိမိတို့၏ဖခင် ဦးတင်အေး တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၀၅၃/၂၀၂၆(၂၂-၅-၂၀၂၆)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ဦးတင်ထွေးအောင်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးမင်းမင်းအောင် + ၂ တို့၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးမောင်မောင်၏သမီး ဒေါ်မန်းရင်မောင် [၁၂/ပဘတ (နိုင်) ၀၃၃၅၅၃] ပိုင်ဆိုင်သော အမှတ်(၄၄) (၁၀ပေx ၅၅ပေ)နှင့် အမှတ်(၃၈)၊ ဦးပိုင်အမှတ်(၄၂/c) (၁၈ပေx ၅၀ပေ) အိမ်ခြံမြေအရောင်းအဝယ်စာချုပ်များသည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၃၃၈၃၂**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၆)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၅၂၆)၊ ဒေါ်အောင်ကြည် အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရေ/မီးပါသောနေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရဲဝင်းအောင်[၁၂/သဃက(နိုင်)၀၆၈၀၉၄]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဒေါ်အေးသန်း[၁၀/ ကမရ(နိုင်) ၀၁၇၇၄၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်း၏ ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**

**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈-စီ၊ ဓမ္မိကဝတီလမ်း၊ မြေကွက်အမှတ်-၉၆၆ ဟုခေါ်တွင်သည့် ဧရိယာ(၀.၀၂၉)ဧကအကျယ်အဝန်းရှိ ဂရန်ရှိမြေပိုင်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးငွေထွန်း[၁၂/စခန(နိုင်)၀၁၆၇၃၈]က သမီး(၂)ဦးဖြစ်သည့် ဒေါ်ခိုင်ငွေထွန်း [၁၃/ရစန(နိုင်)၀၀၀၂၄၃]နှင့် ဒေါ်ကေသွယ်ထွန်း[၁၃/ရစန(နိုင်)၀၀၀၂၄၄]တို့အား မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် လွှဲပြောင်းပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငွေထွန်း[၁၂/စခန(နိုင်)၀၁၆၇၃၈]**

**အမှတ်-၂၈၊ ဓမ္မိကဝတီလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၉၅၇၃၂၆၆၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

